United Nations

A/HRC/57/18

General Assembly

Distr.: General
11 July 2024

Original: English

**လူ့အခွင့်အရေးကောင်စီ**
**ငါးဆယ့်ခုနစ်ကြိမ်မြောက် အစည်းအဝေး**
၂၀၂၄ စက်တင်ဘာ ၉ ရက် - အောက်တိုဘာ ၉ ရက်
အစည်းအဝေးအစီအစဉ် အမှတ် ၄
**ကောင်စီ၏ သတိမူရမည့် လူ့အခွင့်အရေးအခြေအနေများ**

# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ အစီရင်ခံစာ*

*အစီရင်ခံစာအကျဉ်း*

ဤစာတမ်းသည် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားက လူ့အခွင့်အရေးကောင်စီသို့ ဆုံးဖြတ်ချက်အမှတ် ၃၉/၂ အရ တင်သွင်းသည့် ဆဋ္ဌမမြောက် အစီရင်ခံစာဖြစ်သည်။ အစီရင်ခံစာတွင် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ယန္တရား၏ လုပ်ကိုင်ဆောင်ရွက်မှုများပါဝင်ပြီး၊ စုံစမ်းစစ်ဆေးမှုများ၊ ချဉ်းကပ်မှုများနှင့်နည်းစနစ်များ၊ စိန်ခေါ်မှုများနှင့် တိုးချဲ့ပံ့ပိုးသည့်နယ်ပယ်များရှိ တိုးတက်မှုများကို အထူးအလေးပေးဖော်ပြသည်။

အစီရင်ခံသည့်ကာလအတွင်း၊ မြန်မာနိုင်ငံတဝှမ်း ပဋိပက္ခများ သိသိသာသာ မြင့်တက်လာပြီး ကျူးလွန်သည့် ရာဇဝတ်မှုများသည် အကြိမ်ရေပိုများပြီး ပိုမိုကြမ်းကြုတ်ရက်စက်လာသည်ဆိုသည့် သတင်းပို့မှုများလည်း ရရှိခဲ့သည်။ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုအမျိုးမျိုး ကျူးလွန်ခဲ့သည်ဆိုသည့် အထောက်အထား မြောက်မြားစွာကို ယန္တရားက ရရှိခဲ့သည်။ ယန္တရားက စုဆောင်းရရှိသော အချက်အလက်အများစုသည် မြန်မာလုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် တွဲဖက်ပြည်သူ့စစ်များ ကျူးလွန်သည့်ရာဇဝတ်မှုများ ဖြစ်သော်လည်း၊ ယန္တရားသည် မြန်မာစစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်အဖွဲ့အချို့က ကျူးလွန်သော ရာဇဝတ်မှုများနှင့် ပတ်သက်၍ ခိုင်မာသည့်အချက်အလက်များရရှိထားသည်။ ယန္တရားသည် ကျူးလွန်သူ သို့မဟုတ် ထိခိုက်နစ်နာသူများသည် မည်သူနှင့်ပတ်သက်ဆက်နွယ်သည်ဖြစ်စေ၊ မည်သည့်လူမျိုးစုဖြစ်စေ

* Agreement was reached to publish the present report after the standard publication date owing to circumstances beyond the submitter's control.

Please recycle

ခွဲခြားဆက်ဆံခြင်းမလုပ်ဘဲ၊ စွပ်စွဲထားသောရာဇဝတ်မှုများ၏ အထောက်အထားများကို စစ်ဆေးသည်။

နိုင်ငံတွင်းအခြေအနေများ ရှုပ်ထွေးပြောင်းလဲနေသော်လည်း ယန္တရား၏ စုံစမ်းစစ်ဆေးမှု အမျိုးမျိုးတွင် အရေးပါသောတိုးတက်မှုများ ရရှိခဲ့သည်။ ဤအစီရင်ခံသည့်ကာလအထိ၊ သတင်းရင်းမြစ်ပေါင်း (၉၀၀) ကျော်ထံမှ အချက်အလက်နှင့် အထောက်အထားပေါင်း (၂၈) သန်းနီးပါး စုဆောင်းရရှိခဲ့ပြီး၊ ၎င်းတို့တွင် သက်သေထွက်ဆိုချက်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ အသံဖိုင်များ၊ စာရွက်စာတမ်းများ၊ မြေပုံများ၊ ဂြိုလ်တုပုံရိပ်များ၊ ဆိုရှယ်မီဒီယာ ပို့စ်များနှင့် မှုခင်းဆေးပညာဆိုင်ရာ အထောက်အထားများ ပါဝင်သည်။ အမှုဖိုင်များ တည်ဆောက်ရာတွင်အသုံးပြုရန် များပြားလှသော အချက်အလက်များထဲမှ လိုအပ်သည်များရှာဖွေရန်နှင့် စိစစ်သုံးသပ်ရန် ယန္တရားသည် ဆန်းသစ်သော နောက်ဆုံးပေါ်နည်းပညာများကို တီထွင်ပြီး အပြည့်အဝ အသုံးချသည်။

ယန္တရားသည် အစီရင်ခံသည့်ကာလအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုနောက်ပိုင်း ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်သော စုံစမ်းစစ်ဆေးမှု အများအပြား လုပ်ဆောင်ခဲ့သည်။ ဆန္ဒပြပွဲများကို အကြမ်းဖက်နှိမ်နင်းမှုများ၊ လိင်နှင့်ဂျင်ဒါ အခြေပြုရာဇဝတ်မှုများ အပါအဝင် အကျဉ်းထောင်တွင်း နှိပ်စက်ညှဉ်းပန်းမှုနှင့် အခြားသော ဖိနှိပ်ဆက်ဆံမှုများ၊ စစ်အစိုးရကိုဆန့်ကျင်သည်ဟု ယူဆသူများကို ဥပဒေမဲ့ဖမ်းဆီးခြင်း စသည့် အထောက်အထားများ စုဆောင်းခဲ့သည်။ ထို့အပြင် မတရားဖမ်းဆီးခြင်းနှင့် တရားမျှတမှုမရှိသော အမှုစစ်ဆေးခြင်းများ၊ အရပ်သားများ သို့မဟုတ် အရပ်သားပိုင်ပစ္စည်းများကို မရှောင်ရှားဘဲ သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်းနှင့် လေကြောင်းမှ ဗုံးကြဲခြင်း၊ စစ်ဆင်ရေးအတွင်း ဖမ်းဆီးရမိသော အရပ်သားများ သို့မဟုတ် တိုက်ခိုက်ရေးသမားများကို သတ်ဖြတ်ခြင်း၊ အရပ်သားနေအိမ်များနှင့် အရပ်ဘက်အဆောက်အအုံများကို တမင်သက်သက် မီးရှို့ခြင်း စသည့် အထောက်အထားများရရှိထားသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရိုဟင်ဂျာ (၇) သိန်းခွဲခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အတင်း ထွက်ပြေးစေခဲ့သည့် မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ ရှင်းလင်းစစ်ဆင်ရေးနှင့်စပ်လျဉ်းပြီး ယန္တရား သည် သက်သေများနှင့်တွေ့ဆုံမေးမြန်းမှု အများအပြား ပြုလုပ်ခဲ့သည်။ ထို့နောက် ရှင်းလင်း စစ်ဆင်ရေးကာလအတွင်း တပ်ဖွဲ့များ၏ရွေ့လျားမှုများ အပါအဝင် စိစစ်သုံးသပ်ချက် အစီရင်ခံစာများကို လျှို့ဝှက်အဖြစ် ထုတ်ပြန်ခဲ့သည်။ ယန္တရားသည် လက်ရှိ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသော မြန်မာလုံခြုံရေးတပ်ဖွဲ့နှင့် ရက္ခိုင့်တပ်တော်တို့အကြားက ပဋိပက္ခများနှင့်ပတ်သက်သည့် အချက်အလက်များ၊ ဘူးသီးတောင်၊ မောင်တောနှင့် အနီးတဝိုက်ဒေသရှိ ရိုဟင်ဂျာများနှင့် ရခိုင်အရပ်သားများအပေါ် ကျူးလွန်သည့် ကြီးလေးသောရာဇဝတ်မှုဆိုင်ရာ အချက်အလက်များကို စုဆောင်းရန် ကြိုးပမ်းလျက်ရှိသည်။

ယန္တရား၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများမှ ထိခိုက်နစ်နာသူများအတွက် တရားမျှတမှုရရှိရေးကို နိုင်ငံတွင်းနှင့် နိုင်ငံတကာ တရားရေးအာဏာပိုင်များက ဆောင်ရွက်ပေးနိုင်စေရန် ဖြစ်သည်။ ဤအစီရင်ခံသည့် ကာလအတွင်း၊ ယန္တရားသည် ယခင်ကထက် သိသိသာသာများပြားသော အထောက်အထားနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေခဲ့သည်။ နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာရာဇဝတ်မှုတရားရုံးနှင့် အာဂျင်တီးနား ဖက်ဒရယ်အစိုးရရှေ့နေရုံးအမှုတ် (၉) တို့က လက်ရှိဆောင်ရွက်နေသည့်

ရှိဟင်ဂျာများအပေါ်ကျူးလွန်သော ရာဇဝတ်မှုများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများအတွက် တရားစီရင်မှု သုံးခုတွင် ဤအထောက်အထားများကို အသုံးပြုမည်ဖြစ်သည်။ ယနေ့အထိ ယန္တရားသည် သက်ဆိုင်ရာ တရားရေးအာဏာပိုင်များနှင့် မျှဝေရန် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက် အတွဲပေါင်း (၂၆၀) ကျော်ကို ပြင်ဆင်ထားပြီး၊ ၎င်းတို့အနက် အတွဲပေါင်း (၈၀) ကို မျှဝေပြီးဖြစ်သည်။

မာတိကာ

*စာမျက်နှာ*


I. နိဒါန်း 4

II. စုံစမ်းစစ်ဆေးမှုဆိုင်ရာ တိုးတက်မှုများ 5

A. ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုမှုများကို ကူညီဆောင်ရွက်ခြင်း 6

B. အာဏာသိမ်းပြီးနောက်ပိုင်းရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်း 10

III. ယန္တရား၏ အခြားလုပ်ငန်းဆိုင်ရာတိုးတက်မှုများ

A. အချက်အလက်နှင့် အထောက်အထားများကို စုဆောင်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် ချဉ်းကပ်မှုများနှင့် နည်းစနစ်များ 15

B. နည်းပညာနှင့်အခြေခံအဆောက်အအုံ 18

C. သက်ဆိုင်ရာ ပါဝင်သူများနှင့် ဆွေးနွေးပွဲများဆောင်ရွက်ခြင်းနှင့် လူထုဆက်ဆံရေးလုပ်ငန်းများ 20

D. သက်သေ အကာအကွယ်နှင့် ပံ့ပိုးမှု 22

E. ဝန်ထမ်းများ၊ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုံခြုံရေး 24

IV. အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း 25

V. စိန်ခေါ်မှုများနှင့် ထပ်လောင်းပံ့ပိုးရမည့် ကဏ္ဍများ 26

VI. နိဂုံး 29

# I. နိဒါန်း

၁။ ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားက ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်သည့် လုပ်ငန်းများ ပါဝင်သည်။

၂။ လူ့အခွင့်အရေးကောင်စီသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် လက်ခံအတည်ပြုခဲ့သော ဆုံးဖြတ်ချက်အမှတ် ၃၉/၂ အရ မြန်မာနိုင်ငံအတွင်း ၂၀၁၁ ခုနှစ်မှစတင်၍ ဖြစ်ပွားခဲ့သည့် အကြီးလေးဆုံးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ၏ အထောက်အထားများကို နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ စုဆောင်းရန်၊ ပေါင်းစည်းရန်၊ ထိန်းသိမ်းရန်၊ စိစစ်သုံးသပ်ရန် လုပ်ပိုင်ခွင့်ချမှတ်ကာ ယန္တရားကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းရာဇဝတ်မှုများကို နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတရားရုံးများ သို့မဟုတ် ခုံရုံးများတွင် နိုင်ငံတကာဥပဒေနှင့်အညီ မျှတပြီးလွတ်လပ်သော ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးစီရင်မှုများကို လွယ်ကူချောမွေ့ မြန်ဆန်စွာ လုပ်ဆောင်နိုင်ရေးအတွက် အမှုတွဲများ ပြင်ဆင်ပေးရန် ဖြစ်သည်။ ဆုံးဖြတ်ချက်အမှတ် ၇၃/၂၆၄ အရ အထွေထွေညီလာခံသည် ယန္တရားထူထောင်ခြင်းကို ကြိုဆိုခဲ့သည်။ ထို့နောက် ဆုံးဖြတ်ချက်အမှတ် ၄၃/၂၆ အရ၊ ကောင်စီသည် နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် နိုင်ငံတကာတရားရုံးရှိ အမှုများအပါအဝင်၊ အနာဂတ် စုံစမ်းစစ်ဆေးမှုများတွင် အနီးကပ်စွာ အချိန်နှင့်တပြေးညီ ပူးပေါင်းဆောင်ရွက်ရန် ယန္တရားအား အထူးတောင်းဆိုခဲ့သည်။

၃။ ဤအစီရင်ခံသည့်ကာလအတွင်း၊ မြန်မာနိုင်ငံတွင် ပဋိပက္ခများ သိသိသာသာ ပြင်းထန်လာသည်။ မြန်မာစစ်တပ်သည် နယ်စပ်ဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များထံ နယ်မြေများဆုံးရှုံးခဲ့ပြီး လူနေထူထပ်ရာဒေသများကို လေကြောင်းမှ ဗုံးကြဲခြင်းနှင့် လက်နက်ကြီးများအသုံးပြုကာ တိုက်ခိုက်ခြင်းတို့ကြောင့် အရပ်သားအများအပြား ထိခိုက်ဒဏ်ရာရပြီး သေဆုံးမှုခဲ့ရသည်။ လူမျိုးဘာသာဝင်မျိုးစုံတို့သည် ၎င်းတို့၏နေအိမ်၊ စာသင်ကျောင်းနဲ့ ဘာသာရေးအဆောက်အအုံများတွင် ဒဏ်ရာရပြီး သေဆုံးခဲ့ကြသည်။ ရွာများမီးလောင်ပြီး အိမ်များ ပျက်စီးခဲ့သည်။ ထောင်ပေါင်းများစွာသော ပြည်သူတို့သည် ဖမ်းဆီးခံရခြင်း၊ အသတ်ခံရခြင်း သို့မဟုတ် ချုပ်နှောင်ထားစဉ် နှိပ်စက်ညှင်းပန်းခံရခြင်းများ ကြုံတွေ့ခဲ့သည်။ လွန်ခဲ့သည့်ခြောက်လအတွင်း လူပေါင်း သုံးသန်းကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်ဟု ခန့်မှန်းရသည်။ မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ကြီးလေးသော ရာဇဝတ်မှုများ၏ အရေအတွက်၊ ရှုပ်ထွေးမှုနှင့် နယ်မြေများ သိသိသာသာ ကျယ်ပြန့်လာသည်။ ဤရာဇဝတ်မှုများအတွက် မည်သူတစ်ဦးမျှ အရေးယူခံရခြင်း မရှိသေးဘဲ၊ နိုင်ငံတွင်းရှိ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရသည့် ယဉ်ကျေးမှုသည် ဆက်လက် ခိုင်မြဲနေသည်။ မကြာသေးမီက မြန်မာစစ်တပ်သည် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနှင့် အင်တာနက်ချိတ်ဆက်မှုကို ကန့်သတ်ချက်များ ထပ်မံချမှတ်လိုက်ရာ ပြင်ပကမ္ဘာနှင့် ဆက်သွယ်နိုင်မှု၊ သတင်းအချက်အလက်ရရှိမှုများ ပိုမိုခက်ခဲလာသည်

၄။ ဤအခြေအနေတွင်၊ ရာဇဝတ်မှုကျူးလွန်သူများအား တရားစွဲအရေးယူနိုင်ရေးအတွက် လိုအပ်သည့် အထောက်အထားများ စုဆောင်းနိုင်ရန် ကြိုးပမ်းမှုသည် ပို၍ပင် အရေးကြီးသည် ဟု

ယုံကြည်သည်။ မြန်မာနိုင်ငံနှင့် သက်သေများတည်ရှိရာ အခြားနေရာများသို့ ဝင်ရောက်ခွင့်မရခြင်း အပါအဝင် ပိုမိုရှုပ်ထွေးသော ပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်နေရသော်လည်း၊ လွန်ခဲ့သည့်နှစ်အတွင်း ယန္တရား၏ စုံစမ်းစစ်ဆေးမှုအမျိုးမျိုးတွင် အရေးပါသော တိုးတက်မှုများ ရရှိခဲ့သည်။ ယန္တရားသည် မြန်မာနိုင်ငံတဝှမ်းတွင် တိုးများလာသော ချိုးဖောက်မှုများ၊ ဖြစ်ရပ်များနှင့် ပတ်သက်ပြီး ယိုယွင်းလာနေသည့် အခြေအနေများကို အနီးကပ်စောင့်ကြည့်နေသည်။ ယန္တရားသည် ကျူးလွန်သူ သို့မဟုတ် ထိခိုက်နစ်နာသူများ၏ လူမျိုးစု သို့မဟုတ် ပက်သက်ဆက်နွယ်မှုများအပေါ် ခွဲခြားဆက်ဆံမှုမလုပ်ပဲ အချက်အလက်နှင့် အထောက်အထားများကို စုဆောင်းသည်။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများအတွက် အထောက်အထားမျိုးစုံကို စုဆောင်းပြီး စိစစ်သုံးသပ်မှုများ လုပ်ရာတွင်၊ သီးခြား လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုကို ပြသသည့် အထောက်အထားများ ပါဝင်သည်။

## II. စုံစမ်းစစ်ဆေးမှုဆိုင်ရာ တိုးတက်မှုများ

၅။ ၂၀၁၇ ခုနှစ်အတွင်းက မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ နယ်မြေရှင်းလင်းစစ်ဆင်ရေးများကြောင့် ရိုဟင်ဂျာ (၇) သိန်းခွဲခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့ရသည်။ ၎င်းတို့အားလုံးနီးပါးသည် ယနေ့အချိန်အထိ ဒုက္ခသည်စခန်းများတွင် ဆက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာနိုင်မည့်အခြေအနေကို စောင့်မျှော်နေသည်။ ရိုဟင်ဂျာများ၏ ဆိုးရွားသော အခြေအနေသည် ယန္တရားကို တည်ထောင်ဖွဲ့စည်းရန် အဓိကစေ့ဆော်မှု ဖြစ်ခဲ့သော်လည်း၊ မြန်မာနိုင်ငံတွင်း ပဋိပက္ခများစွာရှိရာ ရိုဟင်ဂျာများသည်သာ ပစ်မှတ်ထားခံရသည့် အရပ်သားများမဟုတ်ကြောင်း လူ့အခွင့်အရေးကောင်စီက အသိအမှတ် ပြုခဲ့သည်။ ထို့အပြင် တိုင်းပြည်ကို ကာလရှည်ကြာ နှိပ်စက်ခဲ့သော စစ်ခေါင်းဆောင်များ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရနေသည့် သံသရာကို အဆုံးသတ်နိုင်မှသာ ပဋိပက္ခများဖြေရှင်းရေးနှင့် တရားမျှတမှု ရရှိနိုင်မည်ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့် ယန္တရား၏လုပ်ပိုင်ခွင့်သည် မြန်မာနိုင်ငံတဝှမ်းလုံး အကြုံးဝင်ပြီး၊ ထိခိုက်နစ်နာသူ သို့မဟုတ် ကျူးလွန်သူများ၏ လူမျိုး၊ မျိုးနွယ်စု သို့မဟုတ် ကိုးကွယ်ယုံကြည်မှု၊ ပတ်သက်ဆက်နွယ်မှုများအပေါ် ခွဲခြားဆက်ဆံခြင်း မပြုဘဲ၊ ၂၀၁၁ ခုနှစ် နောက်ပိုင်း ကျူးလွန်ခဲ့သည့် အဆိုးရွားဆုံးသော နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ဖြစ်သည်။

၆။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က အာဏာသိမ်းပြီးနောက်၊ မြန်မာနိုင်ငံတွင် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများ၏ အကြိမ်ရေနှင့် အတိုင်းအဆသည် ဆက်လက်တိုးမြင့်လာသည်။ ဤရာဇဝတ်မှုများသည် နယ်စပ်ဒေသ အားလုံးနီးပါးနှင့် အလယ်ပိုင်းမြေပြန့်ဒေသများ အပါအဝင် နိုင်ငံတဝှမ်းတွင် ဖြစ်ပွားလျက်ရှိသည်။ ထိုဒေသများရှိ ကျူးလွန်ခံရသူများထံ ဝင်ရောက်နိုင်ရန် အလွန်အမင်းခက်ခဲသည်။ သို့သော်လည်း နိုင်ငံရေး/စစ်ရေးအခြေအနေများ ပြောင်းလဲလာခြင်းနှင့်အတူ အခွင့်အလမ်းသစ်များလည်း ရှိလာသည်။ လုံခြုံရေးတပ်ဖွဲ့များမှ အရာရှိနှင့် စစ်သားအများအပြားသည် ဘက်ပြောင်းခိုလှုံလာသည်။ ၎င်းတို့ထံမှ အချက်အလက်များကို လုံခြုံစွာရယူပြီး ထိန်းသိမ်းထားနိုင်မှုသည် ထပ်တိုးလာသော စိန်ခေါ်မှုများဖြစ်သည်။

၇။ စုံစမ်းစစ်ဆေးမှုများကို အထိရောက်ဆုံးဖြစ်စေရန်အတွက် ယန္တရားသည် ၎င်း၏ စုံစမ်းစစ်ဆေးရေးဝန်ထမ်းများကို အဖွဲ့နှစ်ဖွဲ့ခွဲထားသည်။ ပထမတစ်ဖွဲ့သည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ (အတိတ်နှင့် လက်ရှိဖြစ်နေသော ရာဇဝတ်မှုများ) ကို စုံစမ်းစစ်ဆေးသည်။ ဒုတိယတစ်ဖွဲ့သည့် အခြားအဖွဲ့များအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများတွင် စုံစမ်းစစ်ဆေးလျက်ရှိရာ ယင်းတို့အနက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းပြီး နောက်ပိုင်း ကျူးလွန်ခဲ့သည့်ရာဇဝတ်မှု အားလုံးနီးပါး ပါဝင်သည်။ ဤစုံစမ်းစစ်ဆေးရေး လမ်းကြောင်းနှစ်ခုဖြစ်သည့် ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် အာဏာသိမ်းပြီးနောက်ပိုင်း အကြမ်းဖက်မှုများတွင် ထူးခြားကွဲပြားသော လက္ခဏာများရှိသည်။ ယင်းတို့မှာ စုံစမ်းစစ်ဆေးမှုလုပ်ဆောင်သည့်ကာလ၊ အကြမ်းဖက်မှုများ၏ သမိုင်းနှင့် အကြောင်းအရင်းများ၊ တည်နေရာနှင့် သက်သေများရရှိနိုင်မှု၊ စုံစမ်းစစ်ဆေးရေး သို့မဟုတ် တရားရေးအာဏာပိုင်များက လက်ရှိစုံစမ်းစစ်ဆေးနေပြီး တရားစီရင် နိုင်ဖွယ်ရှိမှု စသည့် ကွဲပြားချက်များ ဖြစ်သည်။ (အောက်ဖော်ပြပါအတိုင်း၊ လက်ရှိ ယန္တရားက ကူညီပံ့ပိုးလျက်ရှိသော တရားစွဲဆိုသည့်အမှု သုံးမှုလုံးသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများ နှင့်သာ သက်ဆိုင်သည်။)

၈။ ယန္တရားသည် မြန်မာနိုင်ငံတဝှမ်းတွင် ဖြစ်ပေါ်နေသော အခြေအနေများကို ဆက်လက်၍ သတိကြီးစွာ စောင့်ကြည့်နေသည်။ မကြာသေးမီက ရခိုင်ပြည်နယ်၏ အခြေအနေသည် သိသိသာသာ ဆိုးရွားလာသဖြင့် မြန်မာ့လုံခြုံရေးတပ်ဖွဲ့များနှင့် ရက္ခိုင့်တပ်တော်တို့အကြား ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ရိုဟင်ဂျာအပါအဝင် အရပ်သား များအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအား စုံစမ်းရန် လမ်းကြောင်းအသစ် စတင်ခဲ့သည်။ ပြီးခဲ့သည့်လများအတွင်း ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနှင့် အနီးတဝိုက်ဒေသများတွင် ရိုဟင်ဂျာများနှင့် အခြားအရပ်သားများအပေါ် နိုင်ငံတကာရာဇဝတ်မှုများ ပြင်းထန်စွာ ကျူးလွန်ခဲ့ကြောင်း ခိုင်မာသည့် ညွှန်ပြချက်များ ရှိနေသည်။ ယန္တရားသည် ရိုဟင်ဂျာလူငယ်များအား လက်နက်ကိုင်အဖွဲ့များထဲသို့ အတင်းအကြပ် စစ်မှုထမ်းခိုင်းခြင်းနှင့် ပတ်သက်သည့် စွပ်စွဲချက် များကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။

## A. ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ စုံစမ်းစစ်ဆေးခြင်း နှင့် တရားစီရင်နိုင်ရေး ကူညီဆောင်ရွက်ခြင်း

၉။ ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ ယန္တရား၏ ဦးစားပေးစုံစမ်းရေးလမ်းကြောင်းများတွင် - (က) စစ်တွေမြို့အနီးရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများ၏ စခန်းများတွင် ရိုဟင်ဂျာများကို ပိတ်လှောင်ထားခြင်း အပါအဝင် ရိုဟင်ဂျာအရပ်သားများအပေါ် ကျူးလွန်ခဲ့သည့် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ၊ (ခ) မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရှင်းလင်းစစ်ဆင်ရေးများနှင့် စပ်လျဉ်းသည့် ရာဇဝတ်မှုများ (ယင်းတို့သည်နိုင်ငံတကာရာဇဝတ်မှုတရားရုံးနှင့် အာဂျင်တီးနား ဖက်ဒရယ်အစိုးရရှေ့နေရုံးအမှတ် (၉) က လက်ရှိစုံစမ်းစစ်ဆေးမှုများနှင့် ယန္တရားက ပံ့ပိုးပေးနေသည့် နိုင်ငံတကာတရားရုံးရှိ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၏ အဓိကအပိုင်းဖြစ်သည်) (ဂ) ၂၀၂၄ ခုနှစ် မေလမှစတင်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်

ကျူးလွန်ခဲ့သည့် အမှုများအပါအဝင် လတ်တလောကျူးလွန်သည့် ရာဇဝတ်မှုများ ပါဝင်သည်။ ယနေ့အထိ ယန္တရားမှ စုဆောင်းသည့် အထောက်အထားများတွင် ရာဇဝတ်မှုအခြေပြု အထောက်အထား (နိုင်ငံတကာရာဇဝတ်မှု၏ အမှတ်လက္ခဏာများကို သက်သေပြရန်) နှင့် ချိတ်ဆက်မှုအထောက်အထား (တာဝန်ရှိပုဂ္ဂိုလ်များ၏လုပ်ရပ်နှင့် ရာဇဝတ်မှုအကြား ဆက်နွယ်မှုကို သက်သေပြရန်) များ ပါဝင်သည်။ ဥပမာ၊ ရာဇဝတ်မှုအတွက် ဖြစ်နိုင်ချေရှိသော တာဝန်ရှိသူများကို အကဲဖြတ်နိုင်ရန် ယန္တရားသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ အမှတ်လက္ခဏာတစ်ခုဖြစ်သည့် အမုန်းစကားများပျံ့နှံ့စေရန် ပူးပေါင်းဖြန့်ဝေသည့် အထောက်အထားများကို ဆက်လက်စုဆောင်းပြီး စိစစ်သုံးသပ်လျက်ရှိသည်။

**အထောက်အထားများစုဆောင်းခြင်း။**

၁၀။ ယန္တရားသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အထောက်အထားအများအပြားကို စုဆောင်းပြီး စိစစ်သုံးသပ်ခဲ့သည်။ ယင်းတို့တွင် ယန္တရား၏ စုံစမ်းစစ်ဆေးသူများက ဒုက္ခသည်စခန်းများနှင့် အခြားနေရာများရှိ သက်သေအများအပြားကို လူတွေ့စစ်ဆေးပြီး အင်တာဗျူးခြင်းများ၊ စာရွက်စာတမ်းနှင့် အခြားအထောက်အထားများကို စုဆောင်းခြင်း၊ အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ ပွင့်လင်းရင်းမြစ်များမှ စုံစမ်းစစ်ဆေးခြင်းများ လုပ်ဆောင်သည်။

၁၁။ ယန္တရားသည် မြန်မာနိုင်ငံရှိ ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများမှ အသက်ရှင်ကျန်ရစ်သူများ ခိုလှုံရာ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ရာ နေရာများသို့ စုံစမ်းစစ်ဆေးရေးမစ်ရှင်များ ပုံမှန်သွားရောက်သည်။ အကောင်းဆုံးသော နည်းနာများနှင့်အညီ ယန္တရားသည် လူတွေ့စစ်ဆေးခြင်းများ (ပဏာမအင်တာဗျူးများ) ရာပေါင်းများစွာကို ပြုလုပ်သည်။ ထို့နောက် ရိုဟင်ဂျာအသိုင်းအဝိုင်းမှ ပြည်သူများနှင့် သက်သေအင်တာဗျူးများ အသေးစိတ်လုပ်ဆောင်ပြီး၊ လက်မှတ်ရေးထိုးထားသည့် မှုခင်းဆေးပညာဆိုင်ရာ တန်ဖိုးမြင့်မားသည့် ထွက်ဆိုချက်များကို ရယူသည်။ ထိုသို့လုပ်ဆောင်ရာတွင် ယန္တရားသည် ဝေးလံသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းနေရာအနှံ့မှ ရောက်လာသူများ၊ အသက်အရွယ်၊ နောက်ကြောင်းရာဇဝင်နှင့် ဂျင်ဒါသတ်မှတ်ချက် အမျိုးမျိုးရှိသူများ အားလုံးနှင့် ထိတွေ့ဆက်ဆံသည်။ ဤဆောင်ရွက်မှုများတွင် အမည်ဆိုးနှင့်ကျော်ကြားသည့် "မှတ်တမ်းတင်မှုများသော" ဖြစ်ရပ်များကိုသာမက "မှတ်တမ်းတင်မှုနည်းသော" ဒေသများရှိဖြစ်ရပ်များကိုပါ စုံစမ်းစစ်ဆေးသည်။ ယန္တရားသည် သက်သေများနှင့် ဆက်သွယ်မှုအားလုံးတွင် လိင်နှင့်ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ၊ ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်သည့် အချက်အလက်စုဆောင်းမှုကို ဦးစားပေး လုပ်ဆောင်သည်။ ဤသို့သောရာဇဝတ်မှုများသည် မကြာခဏဆိုသလို အစီရင်ခံတင်ပြမှု နည်းပါးပြီး ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအတွက် မှတ်တမ်းတင်မှု နည်းပါးသည်။

၁၂။ ယန္တရားသည် နိုင်ငံများစွာသို့ ရွှေ့ပြောင်းနေထိုင်သည့် ရိုဟင်ဂျာအသိုင်းအဝိုင်းများကို ရှာဖွေပြီး ဆက်သွယ်သည်။ အချို့သောနေရာများတွင် ယန္တရားသည် သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များနှင့် ပူးပေါင်းပြီး ယင်းနိုင်ငံများရှိ သက်သေများနှင့် အသေးစိတ် အင်တာဗျူးများလုပ်ရန် စုံစမ်းစစ်ဆေးရေးမစ်ရှင်များ စီစဉ်သွားရောက်သည်။ ခိုလှုံနေသော

သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သော နိုင်ငံအများအပြားရှိ ရိုဟင်ဂျာအသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်ဆံခြင်းသည် ယန္တရား၏ စုံစမ်းစစ်ဆေးမှုတွင် ပါဝင်သည့် ထိခိုက်ခံရသော ရိုဟင်ဂျာအသိုင်းအဝိုင်းကို ပိုမိုကျယ်ပြန့်သည့် ကိုယ်စားပြုမှုဖြစ်စေပြီး၊ တရားစီရင်ရေး လုပ်ငန်းများတွင် သက်သေထွက်ဆိုပေးနိုင်မည့် လုံခြုံရေးတည်ငြိမ်သည့်ဒေသမှ သက်သေ အရင်းအမြစ်များကို တိုးပွားစေသည်။

၁၃။ ရိုဟင်ဂျာအသိုင်းအဝိုင်းရှိ အသက်ရှင်သန်ကျန်ရစ်သူများနှင့် ထိတွေ့ဆက်ဆံခြင်းအပြင် ယန္တရားသည် မြန်မာလုံခြုံရေးတပ်ဖွဲ့များက ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ နှင့်ပတ်သက်၍ "အတွင်းသတင်း" သိသူများထံမှ အထောက်အထားဆိုင်ရာ အချက်အလက် များကို ဆက်လက်ရှာဖွေသည်။ ၎င်းတို့တွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် အခြား လက်နက်ကိုင်အဖွဲ့များအတွင်းရှိ အမိန့်ပေးမှုကွင်းဆက်များ ပါဝင်သည်။ ယန္တရားသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်သည့် အကြောင်းအရာ၊ ခြုံငုံသုံးသပ်ချက် သို့မဟုတ် အခြားသော အချက်အလက်များကို ပေးနိုင်သည့် သက်သေအမျိုးမျိုးနှင့်လည်း ဆက်လက် ထိတွေ့ဆက်ဆံလျက်ရှိသည်။ အဆိုပါ သက်သေများတွင် မြန်မာနိုင်ငံမှထွက်ပြေးလာသည့် ရိုဟင်ဂျာများနှင့် ဒုက္ခသည်များကို ရှေးဦးသူနာပြုစုပေးခဲ့သည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အခင်းဖြစ်ရာနေရာသို့ ပထမဆုံးရောက်ရှိ အကူအညီပေးသူများ၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးများအတွင်း မြန်မာစစ်တပ်နှင့် အရပ်ဘက်အာဏာပိုင်များကို ထိတွေ့ဆက်ဆံခဲ့သည့် သံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အရာရှိများလည်း ပါဝင်သည်။

## စိစစ်သုံးသပ်ခြင်းနှင့်မျှဝေခြင်း

၁၄။ ယန္တရားသည် ၎င်း၏လုပ်ပိုင်ခွင့်နှင့်အညီ၊ နိုင်ငံတွင်း သို့မဟုတ် နိုင်ငံတကာတရားရုံးများ တွင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများ လွယ်ကူချောမွေ့မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အထောက်အထားများကို စိစစ်သုံးသပ်ခြင်းလုပ်ငန်းတွင် ရင်းမြစ်များစွာကို အသုံးပြုသည်။ ယန္တရား၏ အထောက်အထားများ စုဆောင်းရာတွင် မြန်မာဘာသာဖြင့် အချက်အလက်မြောက်မြားစွာ ပါဝင်သည်။ အစီရင်ခံသည့်ကာလအတွင်း အထက်ဖော်ပြပါ ဦးစားပေးစုံစမ်းမှုလမ်းကြောင်းများအပြင်၊ လက်ရှိ အမှုစစ်ဆေးစီရင်နေသည့် ရာဇဝတ်မှုဆိုင်ရာ လိုအပ်ချက်များကိုလိုက်၍ ယန္တရားသည် စုံစမ်းစစ်ဆေးမှု၏ အရေးကြီးသည့် ကဏ္ဍများတွင် ပိုမိုအသေးစိတ်သည့် စိစစ်သုံးသပ်ချက်များ လုပ်ဆောင်သည်။ အဆိုပါ စုံစမ်းစစ်ဆေးမှုများ၏ စစ်မှန်မှုကို ထိန်းသိမ်းရန်၊ သက်သေများနှင့် ရင်းမြစ်များ၏ လုံခြုံရေးကိုကာကွယ်ရန် စိစစ်သုံးသပ်ချက် အများးစုကိုမူ လျှို့ဝှက်ထားဆဲဖြစ်သည်။ သို့ရာတွင် ခြွင်းချက်အနေဖြင့် ယန္တရားသည် အစီရင်ခံစာနှစ်စောင်ကို ၂၀၂၄ ခုနှစ် မတ်လတွင် အများပြည်သူထံ ထုတ်ပြန်ခဲ့သည်။ ပထမအစီရင်ခံစာသည် ရိုဟင်ဂျာများအပေါ် လိင်နှင့် ဂျင်ဒါအခြေပြု အကြမ်းဖက်မှုများ ကျူးလွန်သည့်စွပ်စွဲချက်များကို ဖြေရှင်းပေးရန် မြန်မာအာဏာပိုင်များ၏ ပျက်ကွက်မှုနှင့် ပတ်သက်သည်။ ဒုတိယအစီရင်ခံစာတွင် မြန်မာစစ်တပ်သည် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးမတိုင်မီနှင့် စစ်ဆင်ရေးလုပ်နေစဉ်အတွင်း၊ ရိုဟင်ဂျာများကို တိုက်ခိုက်သည့် အမုန်းစကားများဖြန့်ဝေရန် လျှို့ဝှက်ဖေ့စ်ဘုတ်အကောင့်များ မည်သို့အသုံးပြုခဲ့ပုံကို ဖော်ပြသည်။

၁၅။ ထို့အပြင် ယန္တရားသည် ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် နောက်ခံအကြောင်းအဆက်အစပ်နှင့် အထောက်အထားတန်ဖိုးမြင့်အကြောင်းအရာများကို အဓိကထားစိစစ်သုံးသပ်သော လျှို့ဝှက်အစီရင်ခံစာများစွာကို လတ်တလော စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုများ လုပ်ဆောင်နေသည့် တရားရေးအာဏာပိုင်များထံ မျှဝေထားသည်။ ၎င်းတို့တွင် အထူးကျွမ်းကျင်သူများအဖွဲ့၊ ပွင့်လင်းရင်းမြစ်နှင့် ဘဏ္ဍာရေးဆိုင်ရာစုံစမ်းစစ်ဆေးသူများ၊ စိစစ်သုံးသပ်သူများအဖွဲ့က စုဆောင်းထားသော အထောက်အထားများကို ဆန်းစစ်ထားသည့် စိစစ်သုံးသပ်ချက်များ ပါဝင်သည်။ ဤသို့သော စိစစ်သုံးသပ်ချက်များတွင် မြန်မာအာဏာပိုင်များက ထုတ်ပြန်သည့် တရားဝင်ဥပဒေများနှင့် ကြေညာချက်များ၏ သမိုင်း၊ ရိုဟင်ဂျာများ၏ အခြေခံအခွင့်အရေးများအပေါ် ယင်းဥပဒေများနှင့် ကြေညာချက်များ၏ အကျိုးသက်ရောက်မှု၊ မြန်မာအာဏာပိုင်များ၏ ဆိုရှယ်မီဒီယာပို့စ်များမှ ရယူထားသည့် ရှင်းလင်းစစ်ဆင်ရေးအတွင်း တပ်ဖွဲ့များ၏လှုပ်ရှားမှု၊ ရခိုင်ပြည်နယ်သို့ ရိုဟင်ဂျာမဟုတ်သည့် ရွှေ့ပြောင်းနေထိုင်သူများကို ဆွဲဆောင်ရန် ရည်ရွယ်သည့် ပြန်လည်နေရာချထားရေး ကျင့်ထုံးများနှင့် မူဝါဒများ၊ ရှင်းလင်းစစ်ဆင်ရေး စတင်သည့်အချိန်တွင် အာရကန် ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် လက်ဝယ်ရှိ လက်နက်အရေအတွက်နှင့် အရည်အသွေးများ ပါဝင်သည်။ ယန္တရားသည် ရှင်းလင်းစစ်ဆင်ရေးကာလအတွင်းနှင့် နောက်ပိုင်းကာလများတွင် ရိုဟင်ဂျာများ၏ ပိုင်ဆိုင်မှုများဆုံးရှုံးခြင်း၊ ယင်းကာလအတွင်း မြန်မာလုံခြုံရေးတပ်ဖွဲ့များကို ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပံ့ပိုးနိုင်ခြေရှိသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံကိုလေ့လာခြင်း စသဖြင့် အခြားသော အကြောင်းအရာအလိုက် ဦးစားပေးလုပ်ဆောင်သည့် လုပ်ငန်းများကို စိစစ်သုံးသပ်သည့် အစီရင်ခံစာများ လုပ်ဆောင်နေသည်။ ဖေ့စ်ဘုတ်နှင့်စပ်လျဉ်းပြီး ပြုလုပ်သည့် စိစစ်သုံးသပ်ချက်များအပြင်၊ ဆိုရှယ်မီဒီယာများ၊ ပုံနှိပ်စာစောင်များနှင့် မိန့်ခွန်းများအပါအဝင်၊ ယန္တရား၏ စုံစမ်းစစ်ဆေးမှုကာလအတွင်း ဖြန့်ဝေခဲ့သည့် အမုန်းစကားများ၏ အခန်းကဏ္ဍကို ဆက်လက်ဆန်းစစ်နေသည်။ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများသည် ရိုဟင်ဂျာများကို ကာလတစ်ခုကြာ စနစ်တကျ နှိပ်စက်ညှဉ်းပန်းမှုဆီသို့ ဦးတည်စေခဲ့သည့် ပိုမိုကျယ်ပြန့်သော နိုင်ငံရေး၊ သမိုင်းကြောင်းနှင့် နောက်ခံအကြောင်းအဆက်အစပ်များကိုပါ ဖော်ထုတ်ရန် ကြိုးပမ်းသည်။

၁၆။ အစီရင်ခံသည့်ကာလအတွင်း ယန္တရားသည်၊ လက်ရှိ ဆောင်ရွက်ဆဲ အမှုစစ်ဆေးစီရင်မှု သုံးခုနှင့် ပတ်သက်သည့် မကြုံစဖူးများပြားလှသော အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေခဲ့သည်။ ယင်းတို့အနက် အမှုနှစ်မှုမှာ ရိုဟင်ဂျာများအပေါ် ရာဇဝတ်မှုကျူးလွန်သူ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ တာဝန်ကို အဓိကထား၍ စုံစမ်းစစ်ဆေးသည့် ရာဇဝတ်မှု ဖြစ်သည်။ ပထမအမှုစစ်ဆေးခြင်းကို နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားလို ရှေ့နေရုံးက လုပ်ဆောင်သည်။ ဒုတိယအမှုစစ်ဆေးခြင်းကို အာဂျင်တီးနားဖက်ဒရယ် အစိုးရရှေ့နေရုံး အမှတ် (၉) က လုပ်ဆောင်သည်။ တတိယအမှုဖြစ်သည့် ဂမ်ဘီယာနှင့်မြန်မာ အမှုကို နိုင်ငံတကာတရားရုံးက စစ်ဆေးနေပြီး အဆိုပါအမှုသည် လူမျိုးပြုန်းစေမှုကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေးဆိုင်ရာ သဘောတူစာချုပ်အရ လိုက်နာရမည့် နိုင်ငံတစ်နိုင်ငံ၏တာဝန်နှင့် သက်ဆိုင်သည်။ ယန္တရားသည် အဆိုပါ အမှုနှင့်ဆက်စပ်သည့် အချက်အလက်နှင့် အထောက်အထားများကို မြန်ဆန်စွာ ဖော်ထုတ်နေပြီး၊ တိကျသောအချက်အလက် သို့မဟုတ် စိစစ်သုံးသပ်ချက်များအတွက် တရားရေး အာဏာပိုင်များ၏ အထူးတောင်းဆိုမှုများကိုလည်း အကြောင်းပြန်လျက်ရှိသည်။ တရားရေးအာဏာပိုင်များသည်လည်း ယန္တရားက

အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များ မျှဝေပေးသည့်အတွက် အလေးအနက် ကျေးဇူးတင်ရှိကြောင်းကို ဖော်ပြခဲ့သည်။

၁၇။ အထက်ဖော်ပြပါ တရားစီရင်မှုများအတွက် ယန္တရား၏ လက်ရှိပံ့ပိုးနေမှုများကို အချိန်မီ ပြီးစီးအောင် လုပ်ဆောင်ပေးရသည့် အနေအထားရှိပါသည်။ နိုင်ငံတကာတရားရုံးရှိ တရားစီရင်မှု များသည် စာဖြင့်ရေးသားတင်ပြမှုအဆင့်၏ နိဂုံးပိုင်းကို ရောက်ရှိနေပြီး၊ အမှု၏ ဆီလျော်ခိုင်မာမှု (merits) နှင့်ပတ်သက်၍ နှုတ်ဖြင့်တင်ပြမှုများကို ၂၀၂၅ ခုနှစ်တွင် စတင်ကြားနာမည်ဟု ခန့်မှန်းထားသည်။ အာဂျင်တီးနားနှင့် နိုင်ငံတကာရာဇဝတ်ခုံရုံးတို့တွင် စစ်ဆေးနေသည့် အမှုများသည်လည်း အရှိန်ရပြီး တိုးတက်မှုများရှိနေသည်။

၁၈။ ယန္တရား၏ အခြေခံမူအရ၊ အချက်အလက်ပေးသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်း များ၏ ခွင့်ပြုချက်ဖြင့်သာ သက်ဆိုင်ရာ တရားစီရင်ရေးအာဏာပိုင်များထံ အထောက်အထားများကို မျှဝေသည်။ ထို့အပြင် ဤသို့မျှဝေခြင်းကြောင့် အထောက်အထားများတွင် ဖော်ပြထားသော လူပုဂ္ဂိုလ်များ ဘေးကင်းရန် သို့မဟုတ် ပုဂ္ဂိုလ်ရေးရာ လွတ်လပ်ခွင့်များ မထိခိုက်စေရန်၊ ယန္တရားက အထောက်အထားများကို ထပ်မံစစ်ဆေးသည်။ ယန္တရားက လက်ရှိမျှဝေပေးနေသည့် တရားစီရင်ရေးအာဏာပိုင် တစ်ရပ်ချင်းစီတွင် ၎င်းတို့ထံ တင်သွင်းနိုင်သည့် အထောက်အထား အမျိုးအစား၊ သက်သေများ၏အကာအကွယ်နှင့် ပုဂ္ဂိုလ်ရေးရာ လုံခြုံမှုအတွက် သီးခြားစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများရှိသည့်အတွက်၊ ယန္တရားသည် မျှဝေသည့် အချက်အလက်များ အားလုံးအတွက် ကာယကံရှင်က အဆိုပါ အခြေအနေများကို သိနားလည်ပြီးမှပေးသည့် ခွင့်ပြုချက်ဖြစ်စေရန် လုပ်ဆောင်ရသည်။ ထို့ကြောင့် ယန္တရားသည် သက်သေများ၊ ရင်းမြစ်များနှင့် ပုံမှန်ထိတွေ့ဆက်ဆံမှုရှိရန် လိုအပ်သည်။ ယန္တရားသည် အမှုစစ်ဆေးစီရင်ရာတွင် သက်သေများ၏ တိုက်ရိုက်ထွက်ဆိုချက်များ လွယ်ကူချောမွေ့စွာရရှိနိုင်ရန် သက်ဆိုင်ရာတရားစီရင်ရေး အာဏာပိုင်များနှင့် အနီးကပ်ညှိနှိုင်း လုပ်ဆောင်သည်။ ထို့အပြင် ထိခိုက်လွယ်သည့် သက်သေများကို တရားရေး အဖွဲ့အစည်းများစွာတို့မှ ထပ်မံချဉ်းကပ်ခြင်း သို့မဟုတ် အင်တာဗျူးခြင်း မပြုလုပ်စေရန် ဆောင်ရွက်သည်။

## B. အာဏာသိမ်းပြီးနောက်ပိုင်း ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်း

၁၉။ ယန္တရား၏ အခြားသော ဦးစားပေးစုံစမ်းစစ်ဆေးမှုများတွင် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် နောက်ပိုင်း အခြားအုပ်စုများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများလည်း ပါဝင်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း ရာဇဝတ်မှုများ ပိုမိုရက်စက်ပြီး ပြင်းထန်လာသည်။ ယန္တရား၏ ယခင်နှစ်ပတ်လည် အစီရင်ခံစာများတွင် ဖော်ပြခဲ့သည့်အတိုင်း ယန္တရားသည် ခိုင်မာသော အထောက်အထားနှင့် အချက်အလက် မြောက်မြားစွာကို စုဆောင်းရာတွင် လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်သည့် စစ်ရာဇဝတ်မှုနှင့် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျတိုက်ခိုက်မှုနှင့် စပ်လျဉ်းသည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ ပါဝင်သည်။ အဆိုပါ ကျူးလွန်မှုပုံစံသည် နိုင်ငံတဝှမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လျက်ရှိသည်။ ဤသို့ ထိတ်လန့်ဖွယ်နှုန်းဖြင့် ကျူးလွန်နေသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ၏ အချက်အလက်များကို

ယန္တရားက ဆက်လက်စုဆောင်းနေသည်။ ဤအခြေအနေတွင် ဖြစ်ရပ်အသစ်များကို စုံစမ်းစစ်ဆေးရာ ယန္တရား၏ ဦးစားပေးစုံစမ်းစစ်ဆေးမှု မူဝါဒအတိုင်း လုပ်ဆောင်သည်။ တစ်ဖက်တွင်လည်း ဤအစီရင်ခံသည့် ကာလမတိုင်မီက ကျူးလွန်ခဲ့သည့် ပြစ်မှုများကို ဆက်လက် စုံစမ်းစစ်ဆေးသည်။

**စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ဆန့်ကျင်သူများကို နှိမ်နင်းသည့် ရာဇဝတ်မှုများ**

၂၀။ ယန္တရားသည် (က) ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်း ဆန္ဒပြပွဲများကို အကြမ်းဖက်နှိမ်နင်းခြင်း၊ (ခ) လိင်နှင့်ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ အပါအဝင် အကျဉ်းထောင်အတွင်း နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ဖိနှိပ်ဆက်ဆံခြင်း (ဂ) မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် တရားမျှတမှုမရှိသောတရားစီရင်မှုများ အပါအဝင် စစ်အစိုးရအား ဆန့်ကျင်သည်ဟု ယူဆခံရသူများကို ဥပဒေမဲ့ဖမ်းဆီးခြင်း စသည့် အချက်အလက်များ စုဆောင်းပြီး စိစစ်သုံးသပ်ရာတွင် အရေးကြီးသောတိုးတက်မှုကို ရရှိခဲ့သည်။

၂၁။ ဆန္ဒပြပွဲများကို ပြင်းထန်စွာ နှိမ်နင်းခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်အာဏာသိမ်းမှုကို ဆန္ဒပြသော အရပ်သားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိုးအစားမမျှသည့် အင်အားအသုံးပြုနှိမ်နင်းခဲ့ကြောင်း ဖော်ပြသည့် အထောက်အထားများစွာ စုဆောင်းရရှိသည်။ လုံခြုံရေးတပ်ဖွဲ့များတွင် ရဲတပ်ဖွဲ့ဝင်များသာမက စစ်တပ်ဖွဲ့ဝင်များပါရှိပြီး တခါတရံတွင် ၎င်းတို့သည် ရဲဝတ်စုံများ ဝတ်ဆင်ထားသည်။ ဤတပ်ဖွဲ့များသည် လုံလောက်သည့် အကြောင်းပြချက်မရှိဘဲ ဆန္ဒပြပွဲများကို နှိမ်နင်းရာတွင် သေစေနိုင်သော သို့မဟုတ် သေလုနီးပါး ပြင်းထန်သည့်အင်အားကို အသုံးပြုခဲ့သည်။ သို့ဖြင့် အရပ်သားများသေဆုံးပြီး ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြသည်။ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ တနင်္သာရီ၊ ကချင်နှင့် မကွေးတို့တွင် ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျည်အစစ်များဖြင့်ပစ်ခတ်သည့် ခိုင်မာသောအထောက်အထားများ ရရှိသည်။ ဒဏ်ရာရသူများကို ဆေးကုသခွင့်မပြုခြင်း သို့မဟုတ် ဆေးကုသမှုနှောင့်နှေးစေရန် တားဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ဆန္ဒပြသူများ သေဆုံးရသည့် အကြောင်းရင်းမှန်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖုံးကွယ်ရန် ကြိုးစားခဲ့ကြောင်း ခိုင်လုံသော အချက်အလက်များကို ယန္တရားက စုဆောင်းနိုင်ခဲ့သည်။ ယင်းတို့တွင် အလောင်းဆေးစစ်ချက်အတုများလုပ်ခြင်း၊ အသတ်ခံရသူများ၏ မိသားစုဝင်များအား သတင်းမှားများပေးရန် အခြားနည်းလမ်းများကို အသုံးပြုခြင်းများ ပါဝင်သည်။

၂၂။ ချုပ်နှောင်ထားသူများ၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းထားသူများအား စနစ်တကျ ညှဉ်းပန်းနှိပ်စက်သည့် အထောက်အထားများစွာကို ယန္တရားက စုဆောင်းထားသည်။ ညှဉ်းပန်းနှိပ်စက်သည့် နည်းလမ်းများတွင် ဝါးရင်းတုတ်ဖြင့် ရိုက်နှက်ခြင်း၊ လျှပ်စစ်ဖြင့်ရှော့တိုက်ခြင်း၊ လက်သည်းခွံများကို ပလာယာများဖြင့် ဆွဲနှုတ်ခြင်း၊ မီးခြစ်ဖြင့် အရေပြားကိုမီးရှို့ခြင်း၊ အိပ်မရအောင်လုပ်ခြင်းနှင့် ခက်ခဲသည့် ကိုယ်အနေအထားတွင် ကြာရှည်စွာ နေခိုင်းခြင်း၊ ထိန်းသိမ်းထားသူများကို ဓာတ်ဆီသုတ်၍မီးရှို့ခြင်း၊ မျက်နှာပေါ် ရေလောင်းနှိပ်စက်ခြင်း၊ ပလပ်စတစ်အိတ် သို့မဟုတ် အခြားပစ္စည်းများဖြင့် လည်ပင်းညှစ်ခြင်း၊ လက်ချောင်းများချိုးခြင်း၊ အကျဉ်းသားများ အချင်းချင်းထိုးကြိတ်စေခြင်း သို့မဟုတ် အခြားသော အကျဉ်းသားများအား အကြမ်းဖက်နေသည်ကို ကြည့်ခိုင်းခြင်း တို့ပါဝင်သည်။ ထိန်းသိမ်းထားစဉ်

လူအချို့ အသတ်ခံခဲ့ရကြောင်း ခိုင်လုံသည့် အချက်အလက်များကိုလည်း ယန္တရားက ရရှိထားသည်။ အကျဉ်းချခံထားရသူများကို လူမဆန်သောအခြေအနေတွင် ချုပ်နှောင်ထားပြီး၊ အစာနှင့်ရေ ဖြတ်တောက်ကာ များသောအားဖြင့် နှိပ်စက်ညှဥ်းပန်းခံရသည့် ဒဏ်ရာများကို ဆေးကုသခွင့် မပေးပေ။ ထိန်းသိမ်းခံရသူများ သို့မဟုတ် ၎င်းတို့မိသားစုဝင်များကို မုဒိမ်းကျင့်မည်ဟု ခြိမ်းခြောက်မှု၊ ပြင်းထန်သော အကြမ်းဖက်မှုနှင့် အသက်အန္တရာယ် ခြိမ်းခြောက်မှုများ အပါအဝင်၊ အကျဉ်းသားများကို ရုပ်ပိုင်းဆိုင်ရာ ညှဥ်းပန်းနှိပ်စက်မှုအပြင် စိတ်ပိုင်းဆိုင်ရာ ညှဥ်းပန်းနှိပ်စက်မှုများပါ မကြာခဏ လုပ်ဆောင်ခဲ့သည်။

၂၃။ အသက် ၁၈ နှစ်အောက် ကလေးများအပါအဝင်၊ ထိန်းသိမ်းထားသည့် မတူသော ဂျင်ဒါသတ်မှတ်ချက်ရှိသည့် ထိန်းသိမ်းခံထားရသူများအား လိင်နှင့်ဂျင်ဒါအခြေပြုရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း ခိုင်လုံသော အထောက်အထားများကို စုဆောင်းရရှိသည်။ ယင်းတို့တွင် မုဒိမ်းမှု (အုပ်စုဖွဲ့ မုဒိမ်းကျင့်မှု နှင့် အကြိမ်ကြိမ်မုဒိမ်းကျင့်မှု)၊ စအိုနှင့် လိင်အင်္ဂါအပေါက်များထဲသို့ အရာဝတ္ထုများထည့်သွင်းခြင်း၊ ဆေးလိပ်မီးဖြင့် လိင်အင်္ဂါအစိတ်အပိုင်းများကို မီးရှို့ခြင်း၊ မျိုးပွားအင်္ဂါအစိတ်အပိုင်းများ ထိခိုက်ဒဏ်ရာရစေခြင်း၊ လိင်ဆန်ဆန်ထိကိုင်ခြင်း၊ အတင်းအကြပ် ဝတ်လစ်စလစ် ဖြစ်စေခြင်း၊ လိင်ပိုင်းဆိုင်ရာ အရှက်ရစေမည့် ခန္ဓာကိုယ်အား ရှာဖွေခြင်း၊ အမျိုးသမီးများကို နှိမ့်ချစော်ကားစွာပြောဆိုခြင်း သို့မဟုတ် လိင်တူနှစ်သက်သူများကို ညစ်ညမ်းစွာပြောဆိုခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း၊ ဂျင်ဒါ သို့မဟုတ် လိင်စိတ်ခံယူမှုကို အခြေပြုပြီး အကြမ်းဖက်ခြင်းများ ပါဝင်သည်။

၂၄။ ထိန်းသိမ်းခံရသူများထံမှ သတင်းရရန် သို့မဟုတ် အတင်းအကြပ် ဝန်ခံချက်များရရန် သို့မဟုတ် ၎င်းတို့ဖတ်ခွင့်ပင်မရသည့် ထွက်ချက်များကို အတည်ပြုရန်အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဥ်းပန်းနှိပ်စက်မှုများကို မကြာခဏ အသုံးပြုနေကြောင်း ယန္တရားက တွေ့ရှိသည်။ အဆိုပါနည်းဖြင့်ရရှိသည့် ထွက်ချက်များကို ထိန်းသိမ်းခံရသူများအား ပြစ်ဒဏ်ချမှတ်ရန်အတွက် တရားစီရင်ရေးလုပ်ငန်းစဥ်များတွင် အသုံးပြုသည်။ ယင်း “ဝန်ခံချက်” များသည် နှိပ်စက်ညှဥ်းပန်းခြင်းဖြင့် ရထားကြောင်း ရှေ့နေများ သို့မဟုတ် စွပ်စွဲခံရသူများမှ ကန့်ကွက်ပြောဆိုသည့် ကြိုးစားမှုများကို တရားသူကြီးများက ချက်ချင်းပယ်ချသည်၊ သို့မဟုတ် ထည့်သွင်းခြင်း မပြုပေ။ ဖမ်းဆီးခံရသူများတွင် ဆန္ဒပြသူများ၊ နိုင်ငံရေးသမားများ၊ သတင်းသမားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ သပိတ်များတွင် ပါဝင်သည့် အစိုးရဝန်ထမ်းများ၊ အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့် ဆက်စပ်သူများ သို့မဟုတ် စစ်အစိုးရကို ဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်မှုရှိသည်ဟု သံသယရှိသူများ ပါဝင်သည်။ အာဏာပိုင်များသည် စစ်အစိုးရကို ဆန့်ကျင်သူမှန်သမျှကို အပြစ်ပေးရန်ရည်ရွယ်ကြောင်း ညွှန်ပြနေသည်။

၂၅။ အချုပ်အားဖြင့်ဆိုရသော်၊ အာဏာသိမ်းပြီးနောက်ပိုင်း ဆန့်ကျင်သူများကိုဖိနှိပ်ခြင်းဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်ထားကြောင်း အထောက်အထား မြောက်မြားစွာကို ယန္တရားက ရရှိထားသည်။ ယင်းတို့တွင် ညှဥ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ဂျင်ဒါ၊ လိင်စိတ်ခံယူမှု၊ နိုင်ငံရေးဆက်နွယ်မှု၊ ဘာသာရေးနှင့် လူမျိုးစုတို့ အပါအဝင် မတူညီသည့် အကြောင်းရင်းများကို

အခြေခံ၍ နှိပ်စက်ညှဉ်းပန်းမှု၊ အတင်းအကြပ် အစဖျောက်မှု၊ ထောင်ချမှု၊ သတ်ဖြတ်မှု နှင့် အခြားလူမဆန်သောလုပ်ရပ်များ ပါဝင်သည်။

## လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်နွယ်သည့် ကျူးလွန်မှုများ

၂၆။ ယန္တရားသည် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း ဒေသကြီး၊ ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း အပါအဝင် မြန်မာနိုင်ငံတဝှမ်းရှိ လက်နက်ကိုင် ပဋိပက္ခများနှင့် ဆက်စပ်သည့် ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများကို ဆက်လက် စုဆောင်း စိစစ်သုံးသပ်သည်။ အထူးသဖြင့်၊ အတိတ်မှ ဖြစ်ရပ်များနှင့် ဖြစ်ရပ်အသစ်များကို စုံစမ်းစစ်ဆေးရာတွင် (က) အရပ်သားများ သို့မဟုတ် အရပ်သားပိုင် ပစ္စည်းများကို မရှောင်ရှားဘဲ လေကြောင်းမှ ဗုံးကြဲခြင်း သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် တိုက်ခိုက်ခြင်း၊ (ခ) စစ်ဆင်ရေးအတွင်း ဖမ်းဆီးရမိသော အရပ်သားများ သို့မဟုတ် တိုက်ခိုက်ရေးသမားများကို သတ်ဖြတ်ခြင်း၊ (ဂ) အရပ်သားနေအိမ်များနှင့် အရပ်ဘက်အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ မီးရှို့ခြင်းများ ပါဝင်သည်။ အနီးအနားတွင် စစ်ဘက်ဆိုင်ရာပစ်မှတ်မရှိဘဲ လေကြောင်းမှ မကြာခဏ ဗုံးကြဲမှုများကြောင့် အရပ်သား အများအပြား သေဆုံးရသည့် အထောက်အထားများကို ယန္တရားက စုဆောင်းရရှိသည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသည့်နေရာများတွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများနှင့် ကျန်းမာရေး အဆောက်အအုံများ ပါဝင်သည်။ ချုပ်နှောင်ထားစဉ်အတွင်း အသတ်ခံရသူများ၏ ခန္ဓာကိုယ်ကို ဖြတ်တောက်ခြင်း၊ ခေါင်းဖြတ်ခြင်း၊ ရုပ်ပျက်ဆင်းပျက်နှင့် လိင်အင်္ဂါများကို လှီးဖြတ်ထားသည့် အလောင်းများပြသခြင်း စသည့် လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်နေကြောင်း ဤအစီရင်ခံစာကာလအတွင်း မှတ်တမ်းရရှိသည်။ အရပ်သားဝတ်စုံ သို့မဟုတ် စစ်ဝတ်စုံ နှင့်/သို့မဟုတ် တွဲဖက်ပြည်သူ့စစ်ဝတ်စုံများ ဝတ်ထားသည့် စစ်သားများမှ ခန္ဓာကိုယ် ဖြတ်တောက်ခြင်း စသည့်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြောင်း ခိုင်လုံသည့် အချက်အလက်များကို ရရှိခဲ့သည်။

၂၇။ လက်နက်ကိုင်ပဋိပက္ခအတွင်း အရပ်သားများကို မုဒိမ်းကျင့်ခြင်း၊ လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုကျူးလွန်ခြင်းများနှင့်ပတ်သက်၍ ခိုင်လုံသော အထောက်အထားများကိုလည်း ယန္တရားက လက်ခံရရှိသည်။ အသက်အရွယ်မရွေး၊ ဂျင်ဒါမရွေးဘဲ အရပ်သားများကို ပြန်ပေးဆွဲခြင်း၊ (အရာဝတ္ထုများဖြင့် ထိုးသွင်းခြင်း အပါအဝင်) မုဒိမ်းကျင့်ခြင်း၊ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ပြီးနောက် သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ရန် ကြိုးပမ်းခြင်း၊ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ စစ်တပ်စစ်ဆေးရေးဂိတ်များတွင် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း၊ အတင်းအကြပ် ဝတ်လစ်စလစ် ဖြစ်စေခြင်းနှင့် လိင်ကျွန်ပြုခြင်းများ ကျူးလွန်သည်။ ယင်းရာဇဝတ်မှုများကို အရပ်သားများအား အပြစ်ပေးရန်နှင့် အကြောက်တရားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခဲ့ကြောင်း၊ ကျူးလွန်ခံရသူများသည် လိင်၊ လူမျိုး၊ ဘာသာရေး၊ နိုင်ငံရေးဆက်နွယ်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာသတ်မှတ်ချက် အပါအဝင် ခွဲခြားဆက်ဆံမှု တစ်ခုခုပေါ် မူတည်၍ ပစ်မှတ်ထားခံရလေ့ရှိကြောင်း ယန္တရားက စုဆောင်းရရှိသည့် အထောက်အထားများက ဖော်ပြသည်။

၂၈။ ယန္တရားသည် အသက် ၁၅ နှစ်အောက်ကလေးများကို အမျိုးမျိုးသော လက်နက်ကိုင်တပ်ဖွဲ့များက တိုက်ခိုက်ရေးအတွက် ခေါ်ယူခြင်း၊ စစ်မှုထမ်းခိုင်းခြင်း သို့မဟုတ် အသုံးပြုခြင်းများကို ဖော်ပြသည့် အချက်အလက်များကို ဆက်လက်စစ်ဆေးနေသည်။ အသက်အရွယ်အမျိုးမျိုးသော ကလေးအားလုံးသည် အရွယ်ရောက်ပြီးသူများနည်းတူ နိုင်ငံတကာရာဇဝတ်မှုများကို ကြုံတွေ့ရသော်လည်း ၎င်းတို့သည် ထိုရာဇဝတ်မှုများ ပိုမိုဆိုးရွားသော အကျိုးဆက်များကို ခံစားရလေ့ရှိသည်။ အထူးသဖြင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် မိသားစုဘဝဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးပြီး၊ နောက်ဆက်တွဲအနေဖြင့် အစမ္ဗရွှေ့ပြောင်းခံရခြင်းနှင့် အခြားသော အလားတူ ရာဇဝတ်မှုများ ကြုံတွေ့ရလေ့ရှိသည်။

၂၉။ ပဋိပက္ခနှင့်ဆက်စပ်ပြီး ကျူးလွန်သည့်ရာဇဝတ်မှုများကို မြန်မာစစ်တပ်၏ တပ်မှူးများက တားဆီးအရေးယူရန် လိုအပ်ကြောင်း သတိပေးနေသည့် အချက်အလက်များစွာသည် ကျယ်ကျယ်ပြန့်ပြန့်နှင့် အများအပြားရှိနေသည်။ သံသယရှိသည့်ဖြစ်မှုများကို စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများနှင့် ပတ်သက်သည့် မေးခွန်းများအပါအဝင်၊ ယန္တရားသည် မြန်မာစစ်တပ်ထံမှ အချက်အလက်များ ထပ်တလဲလဲ တောင်းဆိုထားသည်။ သို့သော်လည်း အဆိုပါ ကြီးလေးသည့် ရာဇဝတ်မှုများအတွက် မည်သည့် စစ်ဘက် သို့မဟုတ် အရပ်ဘက် အရာရှိတစ်ဦးဦးကို တရားစွဲမှုလုပ်သည်မဆိုထားနှင့် စုံစမ်းစစ်ဆေးမှု လုပ်သည်ဆိုသည့် အချက်အလက်များပင် မရရှိပေ။ နိုင်ငံတကာဥပဒေအရ၊ တပ်မှူးများသည် ၎င်းတို့ကွပ်ကဲမှုအောက်ရှိ စစ်ရာဇဝတ်မှုများကို တားဆီးရန် သို့မဟုတ် နှိမ်နင်းရန် တာဝန်ရှိသည်။ ဤတာဝန်ကို ထပ်တလဲလဲ ပျက်ကွက်ခြင်းသည် ပိုမိုအဆင့်မြင့်သည့် ရာထူးရှိသူများအပေါ် တာဝန်ရှိမှု တိုးလာရုံသာမက၊ စစ်တပ်၏ အမြင့်ဆုံးရာထူးအဆင့်ရှိသူများကိုယ်တိုင် ဤရာဇဝတ်မှုများကို ရည်ရွယ်လုပ်ဆောင်နေကြောင်း ညွှန်ပြနိုင်သည်။

၃၀။ ယန္တရားက စုဆောင်းရရှိသည့် အချက်အလက်အများစုသည် မြန်မာလုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် တွဲဖက်ပြည်သူ့စစ်များ ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်သည်။ တစ်ဖက်တွင်လည်း ယန္တရားသည် မြန်မာစစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့တချို့၏ ရာဇဝတ်မှုများနှင့်ပတ်သက်သည့် ခိုင်လုံသောအချက်အလက်များကိုလည်း ရရှိခဲ့သည်။ အထူးသဖြင့်၊ ယန္တရားသည် အစဖျောက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များအပြင်၊ သတင်းပေးသူ သို့မဟုတ် စစ်တပ်နှင့်ပူးပေါင်းဆောင်ရွက်သူဟု သံသယရှိသော အရပ်သား များကို သေဒဏ်ပေးခြင်းနှင့် တခါတရံ ရက်ရက်စက်စက်ကွပ်မျက်သည့် အချက်အလက် များကို ဆက်လက်စုဆောင်းနေသည်။ ယန္တရားသည် မုဒိမ်းမှုအပါအဝင် လက်နက်ကိုင်အဖွဲ့များက ဖမ်းဆီးခံထားရသူများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သည်ဆိုသည့် သတင်းပေးပို့မှုများကိုလည်း လက်ခံရရှိသည်။ အဆိုပါ ရာဇဝတ်မှုအချို့ကို စုံစမ်းစစ်ဆေးရန် အမျိုးသားညီညွတ်ရေးအစိုးရက ကြေညာထားပြီး အချို့သော လက်နက်ကိုင်အဖွဲ့များက ၎င်းတို့သည် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာမည်ဟု လူထုထံကြေညာထားသည်ကို ယန္တရားက သတိပြုမိသည်။ ယန္တရား၏ ဦးစားပေးစုံစမ်းစစ်ဆေးမှု မူဝါဒနှင့်အညီ၊ အဆိုပါအမှုများ၏ ပြင်းအားနှင့် အတိုင်းအဆကို ဆက်လက်အကဲဖြတ်သွားမည် ဖြစ်သည်။

**အနာဂတ် တရားစီရင်ရေးအာဏာပိုင်များနှင့် အချက်အလက်မျှဝေရန် အလားအလာ**

၃၁။ ယန္တရားသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ တရားရေးအာဏာပိုင်အဖွဲ့ သုံးဖွဲ့ထံ အချက်အလက်များကို မျှဝေနေသော်လည်း စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် ပတ်သက်၍ လက်ရှိအချိန်တွင် နိုင်ငံတွင်း သို့မဟုတ် နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် တရားစွဲဆိုမှုများ လုပ်ဆောင်ခြင်း မရှိသေးပေ။ ယနေ့အထိ ဂျာမနီ၊ ဖိလစ်ပိုင်နှင့် တူရကီနိုင်ငံများ၌ ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့်ကို အခြေခံ၍ အာဏာသိမ်းပြီးနောက်ပိုင်း ရာဇဝတ်မှုများနှင့် ပတ်သက်သည့် တိုင်ကြားချက် အများအပြား တင်သွင်းထားသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဂျာမနီ အစိုးရရှေ့နေသည် မြန်မာနိုင်ငံတွင် လူမျိုးပြုန်းစေမှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍ လူ့အခွင့်အရေးအဖွဲ့တစ်ခု၏ တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးရန် ငြင်းပယ်ခဲ့သည်။ အခြားတရားစီရင်ရေးအာဏာပိုင်များထံ တင်သွင်းထားသည့် တိုင်ကြားချက်များအတွက် တုံ့ပြန်မှုများ မရှိသေးပေ။ ထို့အပြင် ယူကေနိုင်ငံ၏ မက်ထရို ပိုလီတန်ရဲတပ်ဖွဲ့သည် ရိုဟင်ဂျာများကို မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ အတင်းအကြပ် နှင်ထုတ်သည့်အမှုအပါအဝင် နိုင်ငံတကာရာဇဝတ်ခုံရုံးက စုံစမ်းစစ်ဆေးနေသည့် အမှုတိုင်းအတွက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နေသည်။ ယင်း စစ်ဆေးမှုများတွင် သက်သေဖြစ်နိုင်ချေရှိသူများကို ဖော်ထုတ်ခြင်းနှင့် စွပ်စွဲထားသော ရာဇဝတ်မှု များကို စစ်ဆေးခြင်းများ ပါဝင်နိုင်သည်ကို ယန္တရားထံ အကြောင်းကြားထားသည်။

၃၂။ အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု များ သို့မဟုတ် အရေးယူဆောင်ရွက်မှုများ မရှိသေးသော်လည်း၊ ယန္တရားသည် လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုဆိုင်ရာ "သတ်မှတ်ချက် လက္ခဏာ" (chapeau elements) များအတွက် စိစစ်သုံးသပ်ချက် အစီရင်ခံစာများနှင့် အမှုဖိုင်များ ပြင်ဆင်နေသည်။ ဤအစီရင်ခံစာများကို မြန်မာနိုင်ငံအတွင်း ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ လုပ်ရန်စတင်ထားသော သို့မဟုတ် စဉ်းစားနေသော တရားစီရင်ရေးအာဏာပိုင်များထံ မျှဝေမည်ဖြစ်သည်။ အထူးသဖြင့် ယန္တရားသည် အမျိုးမျိုးသော ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများကို ပြင်ဆင်ရာတွင် ဖော်ပြပါအကြောင်းအရာများ ပါဝင်သည်။ (က) သီးခြားဖြစ်စဉ်၊ သီးခြားတည်နေရာများနှင့်သာ သက်ဆိုင်သော အထောက်အထားဖိုင်များ၊ (ခ) လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှု၏ သတ်မှတ် လက္ခဏာဖြစ်သော "အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု" ကိုဖော်ပြသည့် အကြောင်းအရာအလိုက် ဖြန့်ကျက်ကာ စိစစ်သုံးသပ်ချက်၊ (ဂ) လက်နက်ကိုင်ပဋိပက္ခအတွင်း ရာဇဝတ်မှုများ ဖြစ်ပွားခြင်း ရှိ၊မရှိ ဆုံးဖြတ်ခြင်း၊ ပဋိပက္ခအတွင်း ဖြစ်ပွားသည့် ရာဇဝတ်မှုများအတွက် စစ်ရာဇဝတ်မှုကော်မရှင် ဖွဲ့စည်းရန်လိုအပ်ချက် ရှိ၊မရှိတို့ကို လေ့လာနိုင်ရန် လက်နက်ကိုင်ပဋိပက္ခများ၏ ပြင်းထန်မှုနှင့် မြန်မာနိုင်ငံရှိ ပဋိပက္ခများတွင် ပါဝင်သည့် အဖွဲ့များ၏ စုဖွဲ့မှုအဆင့်ကို ဆန်းစစ်သည့် စိစစ်သုံးသပ်မှုများ ဖြစ်သည်။

## III. ယန္တရား၏ အခြားလုပ်ငန်းဆိုင်ရာတိုးတက်မှုများ

### A. အချက်အလက်နှင့် အထောက်အထားများကို စုဆောင်းခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် ချဉ်းကပ်မှုများနှင့် နည်းစနစ်များ

၃၃။ အမှုဖြစ်ပွားရာနေရာသို့ ဝင်ရောက်ခွင့်မရခြင်း၊ သက်သေများကို ဆက်သွယ်ရန် ခက်ခဲခြင်းစသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရသော်လည်း အစီရင်ခံသည့်ကာလအတွင်း အချက်အလက်နှင့် အထောက်အထား မြောက်မြားစွာကို ယန္တရားက အောင်မြင်စွာ စုဆောင်းနိုင်ခဲ့သည်။ ယန္တရား၏ ချဉ်းကပ်မှုပုံစံမှာ သမားရိုးကျ စုံစမ်းစစ်ဆေးရေး နည်းလမ်းများကို ခေတ်မီစုံစမ်းစစ်ဆေးရေး နည်းပညာများနှင့် ပေါင်းစပ် လုပ်ဆောင်ခြင်းဖြစ်သည်။ ယန္တရားသည် ကြီးလေးသော ရာဇဝတ်မှုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို လူတစ်ဦးချင်းစီမှ လက်မှတ်ရေးထိုး အတည်ပြုထားသော ထွက်ဆိုချက်များမှစ၍ ဆိုရှယ်မီဒီယာ၊ ပွင့်လင်းရင်းမြစ်နှင့် ငွေကြေးဆိုင်ရာ အချက်အလက်များကို စုဆောင်းခြင်း၊ အတည်ပြုခြင်းနှင့် စိစစ်သုံးသပ်ခြင်းများအထိ ကွဲပြားသော အထောက်အထားများစွာကို စုဆောင်းခဲ့သည်။ စုဆောင်းထားသည့် ဒေတာများစွာထဲမှ ရှာဖွေရန်၊ စိစစ်သုံးသပ်ရန်နှင့် အသုံးချရန်၊ ယန္တရားသည် ရှုပ်ထွေးပြီး ခေတ်မီဆန်းသစ်သော အချက်အလက် စီမံခန့်ခွဲမှုနည်းပညာများကို အမြင့်ဆုံး အသုံးပြုထားသည်။ ယန္တရားသည် အသက်ရှင်ကျန်ရစ်သူ/ထိခိုက်နစ်နာသူ ဗဟိုပြု လုပ်ဆောင်ခြင်း၊ ဂျင်ဒါဆိုင်ရာရှုထောင့်နှင့် စိတ်ဒဏ်ရာများကို သိနားလည်ခြင်း စသည့်ချဉ်းကပ်မှုများဖြင့် ယန္တရား၏ စုဆောင်းမှုအားလုံး၏ နည်းစနစ်များ၊ လုပ်ငန်းစဉ်များနှင့် စနစ်များကို အခြေခံသည်။ အထူးသဖြင့် သက်သေများ၊ အရင်းအမြစ်များနှင့် အချက်အလက်ပေးသူများနှင့် အပြန်အလှန် ဆက်သွယ်မှုရရန် ကြိုးပမ်းရာတွင် အဆိုပါ နည်းစနစ်များကို အသုံးချသည်။

၃၄။ သတ်မှတ်ထားသည့် သမာသမတ်ကျမှု၊ လျှို့ဝှက်စွာထားရှိမှုနှင့် သိနားလည်စွာဖြင့် ပေးသည့်ခွင့်ပြုချက်စသည့် အခြေခံမှုများအတိုင်း၊ ယန္တရားသည် အထောက်အထားများ စုဆောင်းရာတွင် ရှုထောင့်မျိုးစုံပါဝင်သော ချဉ်းကပ်နည်းကို ကျင့်သုံးသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဦးစားပေးရာဇဝတ်မှု အခြေအနေ ဖြစ်ရပ်များနှင့် သက်ဆိုင်သည့် အချက်အလက်နှင့် အထောက်အထားများ၊ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့်အကြောင်းအရာနှင့် ခြုံငုံသုံးသပ်ချက်များ၊ ရာဇဝတ်မှုကျူးလွန်သည်ဟုသံသယရှိသော သီးခြားလူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များ၊ ဖွဲ့စည်းပုံဆိုင်ရာ အချက်အလက်များကို အထူးပြု လေ့လာသည်။ တာဝန်သတ်မှတ်ချက်များနှင့်အညီ၊ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့ဖွယ်ရှိသည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ပတ်သက်၍ ပါဝင်ပတ်သက်သူအားလုံးထံမှ ပြစ်မှုမြောက်သည့် အချက်အလက်နှင့် ပြစ်မှုမမြောက်သည့် အချက်အလက် နှစ်မျိုးစလုံးကို ရှာဖွေသည်။

၃၅။ အချက်အလက်နှင့် အထောက်အထားများ တောင်းခံခြင်းနှင့် လက်ခံခြင်းကို ဦးတည်ပြီးချဉ်းကပ်ရာ၊ ယန္တရားသည် မျှဝေရန် ဖြစ်နိုင်သော အချက်အလက်နှင့် အထောက်အထားပေါင်း (၂၈) သန်းနီးပါးကို စုဆောင်းပြီး စီမံဆောင်ရွက်ခဲ့သည်။ အချက်အလက်အများစုကို တရားဝင်တောင်းဆိုမှုများမှတဆင့် စုဆောင်းရရှိခဲ့သည်။ ယနေ့အထိ

ယန္တရားသည် အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ်များထံမှ တရားဝင်တောင်းဆိုမှုပေါင်း (၂၀၀) နီးပါး ပြုလုပ်ခဲ့ပြီး၊ လက်ရှိလုပ်ဆောင်နေသည့် စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်သည့် ကျယ်ပြန့်ပြီး အမျိုးစုံသော အချက်အလက်နှင့် အထောက်အထားများကို စုဆောင်းရရှိခဲ့သည်။ ဤအချက်အလက်နှင့် အထောက်အထားများတွင် စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ အသံဖိုင်များ၊ ဂြိုလ်တုပုံရိပ်များ၊ မှုခင်းဆေးပညာ အထောက်အထားများ၊ သက်သေထွက်ဆိုချက်များ၊ ဆိုရှယ်မီဒီယာပို့စ်များနှင့် ပွင့်လင်းရင်းမြစ်မှရသော အကြောင်းအရာများ ပါဝင်သည်။ ယန္တရား၏ လုပ်ငန်းစတင်ချိန်မှစ၍ သတင်းရင်းမြစ်များနှင့် အချက်အလက်ပေးသူပေါင်း (၉၀၀) ကျော်ထံမှ အချက်အလက်နှင့် အထောက်အထားများကို စုဆောင်းရရှိခဲ့ပြီး၊ ဤ အစီရင်ခံသည့်ကာလတွင် အချက်အလက်ပေးသူပေါင်း (၃၂၀) ထံမှ ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ကျူးလွန်သည့် အချက်အလက်နှင့် အထောက်အထားအများစုကို ထိခိုက်နစ်နာသူများ၊ သီးခြားလူပုဂ္ဂိုလ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များထံမှ စုဆောင်းရရှိသည်။ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ၏ အချက်အလက်နှင့် အထောက်အထားများစုဆောင်းရန် ကြိုးပမ်းမှုတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များသည် ရှေ့ဆုံးတန်း၌ အန္တရာယ်များကို ရင်ဆိုင်ရာ လုပ်ကိုင်နေသူများဖြစ်သည်။ အခြားသတင်းရင်းမြစ်များနှင့် အထောက်အထားများတွင် နိုင်ငံအာဏာပိုင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် စီးပွားရေး အဖွဲ့အစည်းများလည်း ပါဝင်သည်။

၃၆။ ရာဇဝတ်မှုခင်းများတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် တန်ဖိုးမြင့် သက်သေထွက်ဆိုချက်များ စုဆောင်းရေးကို ယန္တရားသည် အလွန်အရေးထားပြီး လုပ်ဆောင်သည်။ ထိုသို့လုပ်ဆောင်ရာတွင်၊ ယန္တရားသည် ထိခိုက်နစ်နာသူများနှင့် ပိုမိုထိတွေ့ ဆက်ဆံသည်။ ထို့အပြင်၊ ကြီးလေးသော ရာဇဝတ်မှုများကို ညွှန်ကြားခြင်း၊ စီစဉ်ခြင်း သို့မဟုတ် အမိန့်ပေးခြင်းများကို မျက်မြင်တွေ့ရှိခဲ့သူများနှင့်လည်း ပိုမိုထိတွေ့ဆက်ဆံသည်။ သို့ဖြင့် ယနေ့အထိ သက်သေထွက်ဆိုချက် (၄၀၀) ကျော်ကို စုဆောင်းရရှိပြီး စစ်ဆေးချက်မှတ်စုများ ရရှိခဲ့သည်။ ထွက်ဆိုချက်များနှင့် စစ်ဆေးချက်မှတ်စုများအပြင်၊ ယန္တရားသည် အမျိုးမျိုးသော ရင်းမြစ်များထံမှ စုဆောင်းထားသော အချက်အလက်များကို မှတ်တမ်းတင်သည့် စုံစမ်းစစ်ဆေးရေးမှတ်စု (၄၀၀) ကျော်ကို ပြင်ဆင်ထားသည်။ နိုင်ငံအသီးသီးသို့ စုံစမ်းစစ်ဆေးရေးမစ်ရှင် သွားရောက်ပြီး အထူးသဖြင့် လူတွေ့အင်တာဗျူးလုပ်ခြင်းနှင့် အခြားတန်ဖိုးကြီးပြီး သက်သေခိုင်မာသော အချက်အလက်များကို စုဆောင်းခဲ့သည်။ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများအတွက် ပံ့ပိုးပေးခဲ့သော သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များနှင့် အခြားသော ပါဝင်ပတ်သက်သူများကို ယန္တရားက အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

၃၇။ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ရုံးတွင်းအကဲဖြတ်ချက်မှတဆင့် ရရှိလာသော သင်ခန်းစာ များနှင့် အကောင်းဆုံးအလေ့အကျင့်များကို ယန္တရား၏ နည်းစနစ်နှင့် လုပ်ငန်းစဉ်များတွင် ထည့်သွင်းအသုံးပြုပြီး သက်သေထွက်ဆိုချက်များကို စုဆောင်းသည်။ အကဲဖြတ်ချက်မှ တွေ့ရှိချက်များတွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာတရားရုံးများနှင့် ခုံရုံးများတွင် အကျယ်ပြန့်ဆုံး လက်ခံနိုင်ဖွယ်ဖြစ်သည့် လက်မှတ်ရေးထိုးပြီးဖြစ်သော မှုခင်းဆေးပညာတန်ဖိုးမြင့် သက်သေထွက်ဆိုချက်များကို ရယူခြင်းသည် ထိရောက်ကြောင်းနှင့် အရေးကြီးကြောင်းကို အတည်ပြုခဲ့သည်။ ဤအကဲဖြတ်မှုမှတဆင့် ယန္တရားသည် ထိရောက်မှုနှင့် တိုးတက်မှုရှိရန်

လုပ်ဆောင်မည့် နယ်ပယ်များကို သတ်မှတ်ခဲ့သည်။ ယင်းတို့တွင် ယဉ်ကျေးမှုအရ သိနားလည်သော အင်တာဗျူး နည်းစနစ်များ အသုံးပြုခြင်း၏ အရေးပါမှု အပါအဝင် ရာဇဝတ်မှုများ၏ ပင်မအစိတ်အပိုင်းများတွင် အင်တာဗျူးများကို အာရုံစိုက်ခြင်းနှင့် သံသယရှိသူများ၏ ကိုယ်ရေးအချက်အလက်နှင့် တာဝန်ရှိမှုဆိုင်ရာ အထောက်အထားများ ရယူခြင်း တို့ပါဝင်သည်။

၃၈။ ယန္တရားသည် စုဆောင်းရရှိထားသော အထောက်အထားများကို လက်လှမ်းမီပြီး ရှာဖွေနိုင်စေရန်အတွက် နောက်ဆုံးပေါ် အချက်အလက် စီမံခန့်ခွဲမှုနည်းပညာများကို အသုံးချရန် အဆက်မပြတ် လုပ်ဆောင်နေသည်။ ထို့အပြင် အချက်အလက်များကိုလည်း အနာဂတ် တရားစွဲဆိုမှုများတွင် အသုံးပြုခွင့်ရရှိစေမည့်နည်းလမ်းဖြင့် ထိန်းသိမ်းထားသည်။ ဤနည်းစနစ်များသည် သက်ဆိုင်ရာ နိုင်ငံတွင်းနှင့် နိုင်ငံတကာ တရားရေးအာဏာပိုင်များနှင့် အဖွဲ့အစည်းများထံ မျှဝေရန်အတွက် ရရှိနိုင်သောအချက်အလက်နှင့် အထောက်အထား ပမာဏကို ချဲ့ထွင်ရန် အထောက်အကူပေးသည်။ ယနေ့အထိ၊ ယန္တရားသည် သက်ဆိုင်ရာ တရားရေးအာဏာပိုင်များထံ မျှဝေရန်အတွက် ပံ့ပိုးပေးသည့် အချက်အလက်နှင့် စိစစ်သုံးသပ်ချက် အတွဲပေါင်း (၂၆၀) ကျော်ကို ပြင်ဆင်ထားပြီး၊ ယင်းတို့အနက် အချက်အလက် တစ်သန်းကျော် ပါဝင်သော အတွဲပေါင်း (၈၀) ကို အဆိုပါအာဏာပိုင်များထံ မျှဝေပြီးဖြစ်သည်။

## ဘာသာစကားနှင့် ယန္တရား၏ စုဆောင်းထားသောအချက်အလက်များကို ဘာသာပြန်ခြင်း

၃၉။ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို မြန်မာနိုင်ငံကဲ့သို့ လူမျိုးစုနှင့် ဘာသာကွဲ အုပ်စုများ များပြားလှသည့် နိုင်ငံတစ်ခုတွင် စုံစမ်းစစ်ဆေးခြင်းသည် ယန္တရား၏ အချက်အလက် စုဆောင်းခြင်းနှင့် စိစစ်သုံးသပ်ခြင်း လုပ်ငန်းများကို ထပ်လောင်းရှုပ်ထွေးစေသည်။ ယန္တရားက စုဆောင်းရရှိထားသော အချက်အလက် အများစုမှာ မြန်မာစကားနှင့် မြန်မာနိုင်ငံတွင်းရှိ အခြား ဘာသာစကားများဖြင့် ရေးသားထားသည်။ ယင်းတို့ကို မြန်မာနိုင်ငံတွင်သုံးသည့် ရေးသားပုံအမျိုးမျိုးဖြင့် ရေးထားပြီး ဖိုင်ဖော်မတ်အမျိုးမျိုး သုံးစွဲထားသည်။ အလားတူပင် ယန္တရား၏ သက်သေများ၊ သတင်းရင်းမြစ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း အများစုသည် မြန်မာစကား၊ ရိုဟင်ဂျာ သို့မဟုတ် မြန်မာနိုင်ငံတွင်သုံးသည့် အခြားဘာသာစကားများဖြင့်သာ ပြောဆိုကြသည်။ ထို့ကြောင့် ယန္တရား၏စုဆောင်းမှုနှင့် စိစစ်သုံးသပ်မှုဆိုင်ရာ လုပ်ငန်းများအတွက် အချိန်နှင့်တပြေးညီ တိကျသော ဘာသာပြန်မှုနှင့် စကားပြန်မှု လိုအပ်သည်။ ထို့အပြင် ယန္တရား၏ ကျယ်ပြန့်စွာရှိနေသည့် ခံစားခွင့်ရှိသူများ၊ ပါဝင်ပတ်သက်သူများနှင့် အဓိပ္ပါယ်ရှိစွာ ပုံမှန်အပြန်အလှန် ထိတွေ့ဆက်ဆံရန် စကားပြန်လိုအပ်သည်။

၄၀။ အစီရင်ခံသည့်ကာလအတွင်းတွင်၊ ယန္တရားသည် ဘာသာပြန်ခြင်းနှင့် စကားပြန်ခြင်းနှစ်မျိုး လုံးအတွက် ဘာသာစကားစွမ်းရည်နှင့် ပံ့ပိုးမှုများ ပိုမိုအားကောင်းစေရန် ခိုင်မာသည့် ခြေလှမ်းများ စတင်ခဲ့သည်။ ယန္တရားသည် မည်သည့်ဘာသာစကားပံ့ပိုးမှုနှင့် မည်သည့်ကိရိယာများ လိုအပ်ကြောင်းပိုင်းခြားပြီး၊ ယင်းလိုအပ်ချက်များကို ဖြေရှင်းရန် အဆင့်များသတ်မှတ်ပြီး ရုံးတွင်းပိုင်း ဘာသာစကားလိုအပ်ချက်များကို အဆက်မပြတ် အကဲဖြတ်သည်။ ဤအဆင့်များတွင် ဘာသာစကားကျွမ်းကျင်ပညာရှင်များကို ထပ်မံခေါ်ယူခြင်းနှင့် အထူးပြုသင်တန်းပေးခြင်းများ ပါဝင်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သက်သေများ၊ အချက်အလက်ပေးသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပါဝင်ပတ်သက်သူများနှင့်

တိုက်ရိုက်ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ရာတွင် အထူးထိရောက်မှုရှိသည်။ ယန္တရားသည် စုဆောင်းထားသော အချက်အလက်များကို ဘာသာပြန်ဆိုရာတွင် စီမံခန့်ခွဲမှုနှင့် ဦးစားပေး ဆောင်ရွက်မှုများ အလွယ်တကူဆောင်ရွက်နိုင်ရန် ဒစ်ဂျစ်တယ် ဘာသာပြန် တောင်းဆိုမှုစနစ်ကို စတင်အသုံးပြုသည်။ ယင်းစနစ်သည် ဆောင်ရွက်ဆဲ စုံစမ်းစစ်ဆေးမှုများအတွက် အချက်အလက်များကို သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အသုံးပြုခြင်းကို ပိုမိုလွယ်ကူစေမည် ဖြစ်သည်။ ယန္တရားသည် မြောက်မြားစွာသော အချက်အလက်များကို မြန်မာမှ အင်္ဂလိပ်ဘာသာသို့ တိကျစွာ ဘာသာပြန်နိုင်သည့် စက်အသုံးပြု ဘာသာပြန်စနစ်တစ်ခု ဖော်ဆောင်ရန်အတွက် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုနိုင်ရန် စူးစမ်းရှာဖွေလျက်ရှိသည်။

## B. နည်းပညာနှင့် အခြေခံအဆောက်အအုံ

၄၁။ ဒစ်ဂျစ်တယ်သတင်းအချက်အလက် အခင်းအကျင်းသည် ဆက်လက်တိုးတက် ပြောင်းလဲနေပြီး၊ ဒစ်ဂျစ်တယ်အချက်အလက်များ စုဆောင်းမှု တိုးများလာသည်နှင့်အမျှ ယန္တရားသည် ရှိပြီးသားနည်းပညာများကို ပြုပြင်မွမ်းမံသည်။ ထို့ပြင် ယန္တရား၏ အထောက်အထား သိုလှောင်သိမ်းဆည်းမှုအား ပိုမိုကောင်းမွန်စွာ အသုံးချနိုင်ရန်၊ ထိန်းသိမ်းနိုင်ရန်နှင့် စိစစ်သုံးသပ်နိုင်ရန် နည်းလမ်းအသစ်များ ထည့်သွင်းပေါင်းစပ်ထားသည်။ အစီရင်ခံသည့် ကာလအတွင်း၊ အချက်အလက်နှင့် အထောက်အထားများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းများကို လုံခြုံသောနည်းလမ်းဖြင့် ရှာဖွေရယူနိုင်ရန်အတွက် ယန္တရား၏ ပင်မနည်းပညာနှင့် အထူးပြုနည်းပညာများ၊ အခြေခံအဆောက်အအုံများကို ဆက်လက်ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်သည်။

၄၂။ ရုံးတွင်းလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ လုပ်ဆောင်ရန်အတွက် ယန္တရားသည် အလိုအလျောက်စနစ်ကို အသုံးပြုသည်။ တရားရေးအာဏာပိုင်များက အချက်အလက်နှင့် အထောက်အထားများ အလျင်အမြန် တောင်းဆိုသည့်အခါ အလိုအလျောက်စနစ်သည် မျှဝေမည့် အချက်အလက်များကို အသင့်ပြင်ဆင်ပေးသည်။ မျှဝေသော အထောက်အထားများ၏ ခိုင်မာမှုနှင့် အချက်အလက်များ၏ လုံခြုံမှုကို သေချာစေရန်၊ သီးခြားတရားရေးအာဏာပိုင်နှင့် မျှဝေသည့် စာရွက်စာတမ်းများ၏ စာမျက်နှာတစ်ခုစီတွင် သီးသန့်နံပါတ်စဉ်များ တပ်ထားသည်။ သတင်းအချက်အလက် နည်းပညာများရှိ အဆင့်မြင့်အလိုအလျောက်စနစ်သည် အခြားသော နယ်ပယ်များအတွက်လည်း အကျိုးရှိစေသည်။ စုဆောင်းထားသော အချက်အလက်များကို စီမံခန့်ခွဲရာတွင် ရက်ပိုင်းမှ နာရီပိုင်း အထိ အချိန်လျှော့ချ လုပ်ဆောင်နိုင်လာသည်။ အမျိုးမျိုးသော ဆိုရှယ်မီဒီယာ၊ ဆက်သွယ်မှုစနစ်၊ စာပို့စနစ်များမှ အချက်အလက်များစွာကို ထုတ်ယူခြင်းနှင့် ထိန်းသိမ်းခြင်းကို ပိုမိုမြန်ဆန်စွာ လုပ်နိုင်လာသည်။

၄၃။ မြန်မာမှအင်္ဂလိပ်သို့ စက်ဖြင့်ဘာသာပြန်ဆိုမှုစွမ်းရည် ဖွံ့ဖြိုးရန် လုပ်ဆောင်ရာတွင်၊ ယန္တရားသည် အထောက်အထားနှင့် အချက်အလက်စီမံခန့်ခွဲမှုစနစ်တွင် အသုံးပြုထားသော စကားလုံးအတွဲအစပ်များကို စံသတ်မှတ်သည့် ကိရိယာတစ်ခုကို ဖန်တီးထားသည်။ ထို့အပြင်၊ ယန္တရားသည် ပုံမှန်အားဖြင့် စာသားထုတ်ယူ၍မရသော အထောက်အထားပုံရိပ်များမှ စာသားကိုထုတ်ယူရန် အဆင့်မြင့်ပုံရိပ်အမြင်ဖြင့် စကားလုံးများမှတ်သားမှုနည်းပညာကို

အသုံးပြုပြီး၊ ပုံရိပ်အမြင်ဖြင့် စကားလုံးမှတ်သားမှုစွမ်းရည်ကို မြှင့်တင်ထားသည်။ ဤကိရိယာများသည် စက်ဘာသာပြန်ဆိုမှုစွမ်းရည်တိုးတက်မှုကို အထောက်အကူဖြစ်လာစေမည်။

၄၄။ တချိန်တည်းမှာပင်၊ ယန္တရားသည် စုဆောင်းထားသော ဓာတ်ပုံနှင့် ဗီဒီယိုများကို စိစစ်သုံးသပ်နိုင်ရန်အတွက် ကွန်ပြူတာ ပုံရိပ်မြင်နည်းပညာ ဖွံ့ဖြိုးမှုကို ဆက်လက်လုပ်ဆောင်သည်။ ဤနည်းပညာသည် ယန္တရားက စုဆောင်းထားသော များပြားလှသည့် ဓာတ်ပုံနှင့် ဗီဒီယိုများတွင် ထပ်နေသည်များကို ဖယ်ရှားခြင်း၊ အုပ်စုဖွဲ့ခြင်း၊ စစ်ထုတ်ယူခြင်းနှင့် စိစစ်သုံးသပ်မှုများကို လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ထို့ပြင် (ရွာများ သို့မဟုတ် လက်နက်များကဲ့သို့) မြင်ကွင်းများ၊ အရာဝတ္ထုများနှင့် အလားတူပုံများကို ပိုမိုလွယ်ကူစွာ စိစစ်သုံးသပ်နိုင်စေပြီး၊ တူရာအမျိုးအစားအလိုက် စုစည်းနိုင်မည်ဖြစ်သည်။ အဆိုပါ နည်းပညာသည် အပြည့်အဝ တိုးတက်လာပါက၊ ယန္တရားသည် ပိုမိုအဆင့်မြင့်သည့် စိစစ်သုံးသပ်ခြင်းများနှင့် အချက်အလက်မျှဝေခြင်းများ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

၄၅။ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ရုံးတွင်းအကဲဖြတ်မှုမှတဆင့် ဖော်ထုတ်ခဲ့သော သင်ခန်းစာများနှင့် အကောင်းဆုံးအလေ့အကျင့်များကို မှတ်သားလိုက်နာပြီး၊ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်ရှိ ယန္တရား၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်သည်။ အကဲဖြတ်မှု၏ တွေ့ရှိချက်များနှင့်အညီ၊ ယန္တရားသည် ကိုဗစ်-၁၉ ဖြစ်ပြီး နောက်ပိုင်း၊ ၎င်း၏ လိုအပ်ချက်များနှင့် လုပ်ငန်းလည်ပတ်မှုများ ပိုမိုအံဝင်ဂွင်ကျဖြစ်စေရန် သတင်းအချက်အလက် နည်းပညာဆိုင်ရာ စီမံခန့်ခွဲမှုနှင့် မူဝါဒဘောင်များကို မွမ်းမံပြင်ဆင်လျက်ရှိသည်။ ပြောင်းလဲနေသော နည်းပညာရပ်ဝန်းနှင့် အသုံးချမှုများကို သိရှိနားလည်ခြင်းဖြင့် တိုးတက်ပြောင်းလဲနေသော နည်းပညာစနစ်များကို ပိုမိုကောင်းမွန်စွာ အသုံးပြုလာနိုင်မည် ဖြစ်သည်။ ထို့အပြင် ယန္တရား၏ ဆိုက်ဘာလုံခြုံရေးနှင့် ဘေးကင်းရေးဆိုင်ရာ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်ပြီး၊ ယန္တရားဝန်ထမ်းများ၏ လုပ်ထုံးလုပ်နည်းများ လိုက်နာမှုကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။ တိုးချဲ့မြှင့်တင်ထားသော မူဝါဒဘောင်တွင် အထောက်အထား မဟုတ်သော အချက်အလက်များအတွက် အားကောင်းသော အချက်အလက်စီမံခန့်ခွဲမှု ပရိုဂရမ်နှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အထားများကို တံဆိပ်သတ်မှတ်ရန်နှင့် စီမံခန့်ခွဲရန် ပိုကောင်းသော စနစ်တစ်ခု ပါဝင်သည်။ ထို့အပြင် ဝန်ထမ်းများအားလုံးအား နည်းပညာဆန်းသစ်မှုများအကြောင်းနှင့် ယန္တရား၏ လုပ်ငန်းအပေါ် အဆိုပါ နည်းပညာများ၏ သက်ရောက်နိုင်မှုများကို အသိပေးသည့် သတင်းအချက်အလက်များ ပုံမှန်ဖြန့်ဝေခြင်းတို့ ပါဝင်သည်။

## C. သက်ဆိုင်ရာ ပါဝင်သူများနှင့် ဆွေးနွေးပွဲများဆောင်ရွက်ခြင်းနှင့် လူထုဆက်ဆံရေး လုပ်ငန်းများ

၄၆။ ယန္တရား၏ လူထု ဆက်ဆံရေးလုပ်ငန်းတွင် သက်ဆိုင်ရာ ပါဝင်သူအများ အပြားနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုများ ပါဝင်သည်။ ဤကြိုးပမ်းအားထုတ်မှုများသည် ယန္တရား၏ ရှုပ်ထွေးသောလုပ်ပိုင်ခွင့်ကို ပိုပြီးနားလည်လာစေရန်နှင့် ယန္တရား၏လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများကြား ယုံကြည်မှုတည်ဆောက်ရန် ရည်ရွယ်သည်။ ယန္တရားသည်

ဆက်သွယ်ရေး လမ်းကြောင်းများစွာ၊ နည်းစနစ်များစွာကို အသုံးပြု၍၊ ယန္တရားက လုပ်ဆောင်နိုင်သည့်အရာ၊ မလုပ်ဆောင်နိုင်သည့်အရာ၊ ယန္တရား၏ လုပ်ဆောင်ပုံနည်းလမ်းများကို ပါဝင်ပတ်သက်သူများ ပိုမိုသိရှိနားလည်ရန် ရှင်းပြပြီး၊ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများအတွက် ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် ကြိုးပမ်းသည်။ ဤအစီရင်ခံသည့်ကာလအတွင်း၊ ယန္တရားသည် ဝဘ်ဆိုဒ်၊ ဖေ့စ်ဘုတ် စာမျက်နှာ၊ မီဒီယာနှင့်ထိတွေ့ဆက်ဆံမှုများ၊ သတင်းဖြန့်ဝေမှုဆိုင်ရာပစ္စည်းများ၊ အများပြည်သူနှင့် တွေ့ဆုံမှုများ၊ တံခါးပိတ်တွေ့ဆုံမှုများကို သက်ရောက်မှုအမြင့်ဆုံးရှိစေရန် အာရုံစိုက် လုပ်ဆောင်ခဲ့သည်။

၄၇။ ယန္တရား၏လုပ်ငန်းကို နားလည်မှုရှိစေရန်နှင့် ပါဝင်သူများထံမှ အကြံပြုချက်များ ကိုတုံ့ပြန်ဆောင်ရွက်ရန် နှစ်ဘက်အပြန်အလှန် ဆက်သွယ်ရေးသည် အရေးကြီးသည်။ ယင်းနှင့်ပတ်သက်၍ ယန္တရားသည် မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံမှုနှင့်တရားမျှတမှုရရှိရေး ကိစ္စရပ်များတွင် လုပ်ဆောင်နေကြသည့် မတူကွဲပြားသော အရပ်ဘက်လူမှုအဖွဲ့အစည်း (၁၈) ဖွဲ့မှ ကိုယ်စားလှယ်များ လူကိုယ်တိုင်တက်ရောက်သည့် ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အဖိုးတန်အချက်အလက်များ၊ စာရွက်စာတမ်းများ၊ သက်သေများထံဝင်ရောက်ခွင့်နှင့် စုံစမ်းစစ်ဆေးရန်လမ်းစများကို ယန္တရားအား ပံ့ပိုးပေးသည်။ အပြန်အလှန်နားလည်မှု တိုးမြှင့်စေရန်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းခွင်အတွင်း ကြုံတွေ့နေရသည့် လက်တွေ့အခြေအနေနှင့် စိန်ခေါ်မှုများကို နားလည်သဘောပေါက်ရန်အတွက် သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လေးနက်စွာ ထိတွေ့ဆက်ဆံရေး သည် ယန္တရား၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည်။

၄၈။ သုံးရက်ကြာ ဆွေးနွေးမှုတွင်၊ ယန္တရား၏ ဝန်ထမ်းများသည် လုပ်ပိုင်ခွင့်နှင့် ကန့်သတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ ဦးစားပေးမှုများ၊ ယန္တရား၏ စုံစမ်းစစ်ဆေးမှုတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မျှဝေထားသော အချက်အလက်များကို မည်သို့အသုံးပြုကြောင်းများကို ရှင်းပြခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပါဝင်တက်ရောက်သူများသည် ၎င်းတို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အားမရမှုများနှင့် အခက်အခဲများကို အထူးအလေးပေး မျှဝေခဲ့ကြပြီး၊ ယင်းအခြေအနေများသည် ယန္တရားနှင့် ထိတွေ့ဆက်ဆံမှုကို မည်သို့အကျိုးသက်ရောက်စေကြောင်း ဆွေးနွေးခဲ့သည်။ အဖွဲ့အစည်းအများအပြားသည် လုံခြုံရေးနှင့် စိတ်လူမှုဆက်ဆံရေးဆိုင်ရာ လိုအပ်ချက်များ၊ အင်တာနက် ပြတ်တောက်မှု၊ ရန်ပုံငွေဆိုင်ရာ ပြဿနာများ၊ ပင်ပန်းနွမ်းနယ်မှုများနှင့် စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများကို မျှဝေခဲ့ကြသည်။ ၎င်းတို့သည် ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် အဖိုးတန်အကြံပြုချက်များ ပေးခဲ့ပြီး၊ အဆိုပါ အကြံပြုချက်များကို ယန္တရား၏ လုပ်ဆောင်မှုနည်းလမ်းများအား ပြုပြင်မွမ်းမံရာတွင် ထည့်သွင်းစဉ်းစားသည်။ ဆွေးနွေးပွဲမစတင်မီ ပါဝင်သူ (၅၇) ရာခိုင်နှုန်းသည် ယန္တရား၏ လုပ်ပိုင်ခွင့်ကို ကောင်းစွာ နားလည်ကြောင်း ဖော်ပြခဲ့ပြီး ယင်းရာခိုင်နှုန်းသည် ဆွေးနွေးပွဲအပြီးတွင် (၁၀၀) ရာခိုင်နှုန်းအထိ တိုးလာသည်။ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အရေအတွက်သည်လည်း ဆွေးနွေးပွဲတွင် ပါဝင်ပြီးနောက် နှစ်ဆနီးပါး တိုးလာခဲ့သည်။

၄၉။ အထက်ပါဆွေးနွေးပွဲအပြင်၊ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက် တရားမျှတမှုရရှိရေးတွင် စိတ်ဝင်စားသူ အများအပြားနှင့် ထိတွေ့ ဆက်ဆံခဲ့သည်။ အစီရင်ခံသည့်ကာလအတွင်း၊ အများပြည်သူနှင့်တွေ့ဆုံမှု၊ တံခါးပိတ် တွေ့ဆုံမှုများအပြင် လူကိုယ်တိုင်တက်ရောက်သည့် တွေ့ဆုံမှုပေါင်း (၄၀) နီးပါး ရှိခဲ့သည်။ ဤတွေ့ဆုံမှုအများစုမှာ အသက်ရှင်ကျန်ရစ်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အချက် အလက်ပေးသူများနှင့် ထိတွေ့ဆက်ဆံမှုများ ဖြစ်သည်။ လုံခြုံရေးသည် ယန္တရားအတွက် သတိ ကြီးစွာထားရသည့် ကိစ္စဖြစ်လာပြီးနောက်၊ မြန်မာနိုင်ငံနှင့် အခြားဒေသတွင် အခြေစိုက်သည့် ပါဝင်တက်ရောက်သူများနှင့် တတ်နိုင်သမျှ ဘေးကင်းစွာ ထိတွေ့ဆက်ဆံနိုင်ရန် အွန်လိုင်း တွေ့ဆုံမှုများဆောင်ရွက်ရာတွင် လုံခြုံရေးအစီအမံများစွာကို ချမှတ်ခဲ့သည်။

၅၀။ ယင်းကဲ့သို့ တိုက်ရိုက်ထိတွေ့ဆက်ဆံမှုအပြင်၊ ယန္တရားသည် လူပေါင်းစုံလက်လှမ်းမီပြီး မှတ်မိလွယ်စေရန် ရိုးရှင်းစွာ ရေးသားထားသည့် အချက်အလက်စာစောင်များ ထုတ်ဝေခြင်းကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ ယန္တရား၏အလုပ်လုပ်ပုံ၊ ယန္တရားထံ လျှို့ဝှက်အချက်အလက်များ မျှဝေနည်း၊ အချက်အလက်များ မျှဝေပြီးနောက် မည်သို့ အသုံးပြုပုံ ၊ လိင်နှင့်ဂျင်ဒါအခြေပြု ရာဇဝတ်မှုကျူးလွန်ခံရသူများနှင့် ယန္တရား၏ အလုပ်လုပ်ပုံများကို သရုပ်ဖော်ပုံများဖြင့် ရှင်းပြသည့်စာစောင်များကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ စာစောင်များကို အင်္ဂလိပ်နှင့်မြန်မာဘာသာ နှစ်မျိုးစလုံးဖြင့်ထုတ်ဝေပြီး ဆက်သွယ်ရေး လမ်းကြောင်းအမျိုးမျိုးဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း မိတ်ဖက်များထံ ဖြန့်ဝေထားသည်။ လာမည့် အစီရင်ခံစာကာလတွင် အဆိုပါစာစောင်များကို အခြားတိုင်းရင်းသားဘာသာစကား များစွာဖြင့်ထုတ်ဝေပြီး၊ ရိုဟင်ဂျာဘာသာဖြင့် သရုပ်ဖော်ပုံ ဗီဒီယိုများလည်း ထုတ်လုပ်မည်ဖြစ်သည်။

၅၁။ ယန္တရားသည် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် သတင်းအချက်အလက်များ ပိုမိုနားလည်နိုင်ရန် ယန္တရား၏ ဝဘ်ဆိုဒ်ဒီဇိုင်းနှင့် အကြောင်းအရာများကို ပိုမိုကောင်းမွန်အောင် အာရုံစိုက် လုပ်ဆောင်နေသည်။ မွမ်းမံထားသော ဝဘ်ဆိုဒ်ကို ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် လွှင့်တင်ပါမည်။။ ယန္တရားသည် ဖေ့စ်ဘုတ်တွင် သရုပ်ဖော်ပုံများ၊ အလွယ်တကူ မျှဝေနိုင်သည့် ပို့စ်များတင်ခြင်းဖြင့် ဆိုရှယ်မီဒီယာမှတဆင့် ထိတွေ့ဆက်ဆံမှုကို အရှိန်မြှင့်ခဲ့သည်။ ထို့အပြင် ပုံမှန်အမေးအဖြေကဏ္ဍ မှတဆင့် ဖေ့စ်ဘုတ်ပရိသတ် ၇၅၀၀၀ နီးပါးနှင့် အပြန်အလှန် တုံ့ပြန်မှုများ လုပ်ဆောင်သည်။ အမုန်းစကားနှင့် လိင်နှင့်ဂျင်ဒါအခြေပြုရာဇဝတ်မှုများဆိုင်ရာ စိစစ်သုံးသပ်ချက် အစီရင်ခံစာနှစ်စောင်ကို အများပြည်သူထံသို့ ထုတ်ပြန်ခြင်းဖြင့် အပြန်အလှန် ဆက်ဆံမှုကို ပိုမိုအားကောင်းစေသည်။ ယန္တရားသည် ပွင့်လင်းမြင်သာမှုရှိစေရန် ဤအစီရင်ခံစာများကို ချွင်းချက်အနေဖြင့် ပထမဆုံးအကြိမ် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ထိုအစီရင်ခံစာများကို တရားမျှတမှုရရှိရေးနှင့် တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းမှုများတွင် တွင်ကျယ်စွာ အသုံးပြုနိုင်ရန် ရည်ရွယ်သည်။

၅၂။ ယန္တရား၏လုပ်ငန်းကို မီဒီယာများမှ ဆက်လက်စိတ်ဝင်စားလျက်ရှိသည်။ သတင်းထုတ်ပြန်ချက်များ၊ မီဒီယာရှင်းလင်းပွဲများနှင့် အင်တာဗျူးများကို မြန်မာဘာသာဖြင့် ဖော်ပြမှုများ အပါအဝင် သြဇာကြီးမားသော နိုင်ငံတကာဆိုင်ရာ၊ ဒေသတွင်းနှင့် နိုင်ငံတွင်း မီဒီယာများတွင် ပုံမှနဖော်ပြခဲ့ကြသည်။ လာမည့်အစီရင်ခံသည့်ကာလတွင်၊ ယန္တရားသည် မြန်မာနိုင်ငံရှိ ပိုမိုကျယ်ပြန့်သည့် လူမှုအသိုင်းအဝိုင်းများထံ ရောက်ရှိစေရန် တိုင်းရင်းသားဘာသာစကားသုံး မီဒီယာများနှင့် ထိတွေ့ဆက်ဆံနိုင်ရန် ရည်ရွယ်သည်။ ယန္တရားသည် လုပ်ငန်းဆိုင်ရာ

နောက်ဆုံးသတင်းများရရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားသောပါဝင်သူများထံသို့ သတင်းလွှာများ ထုတ်ပြန်ရာ တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ပြန်ရာမှ သုံးကြိမ်အထိ တိုးမြှင့်ခဲ့သည်။

## D. သက်သေ အကာအကွယ်နှင့် ပံ့ပိုးမှု

၅၃။ မြန်မာနိုင်ငံအတွင်းနှင့် ပြင်ပရှိ သက်သေများနှင့် အချက်အလက်ပေးသူများကို ကာကွယ်မှုနှင့် ပံ့ပိုးကူညီမှုသည် ယန္တရားအတွက် ထိပ်တန်းဦးစားပေးအဖြစ် ဆက်လက်ရှိနေသည်။ ယန္တရားသည် သက်သေများကို အကာအကွယ်ပေးရန်အတွက် သင့်လျော်သော လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများချမှတ်ရန် ဆက်လက် ကြိုးပမ်းလျက်ရှိသည်။ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်မှု မလုပ်ခင်နှင့် လုပ်ပြီးနောက်ပိုင်း ဖြစ်လာနိုင်သည့် အန္တရာယ်များကို ကာကွယ်နိုင်သည့် အဆင့်များအားလုံးကို ယန္တရားက လုပ်ဆောင်သည်။ ဤအစီအမံများကို ယန္တရား၏ လုပ်ငန်းလည်ပတ်မှုကဏ္ဍ အားလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းလုပ်ဆောင်သည်။ အချက်အလက် စုဆောင်းသည့်အဆင့်မှ မျှဝေသည့်အဆင့်အထိ၊ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်သော လူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများအား ထိခိုက်နစ်နာမှုမရှိစေရေး သေချာစေရန် လုပ်ဆောင်သည်။

၅၄။ ဤအစီရင်ခံသည့်ကာလအတွင်း၊ ယန္တရား၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ယန္တရားသည် ဆက်သွယ်မှုဆိုင်ရာ အကဲဖြတ်မှုပေါင်း (၃၃၀) ကျော် ပြုလုပ်ခဲ့ပြီး ယန္တရားနှင့် ဘေးကင်းစွာထိတွေ့နိုင်စေရန် သက်သေများ၏ လုံခြုံရေးအန္တရာယ်များကို ဖော်ထုတ် သတ်မှတ်ခဲ့သည်။ ယန္တရားတွင် ရုပ်ပိုင်းဆိုင်ရာအကာအကွယ်ပေးရန်၊ သို့မဟုတ် သက်သေများ၏ လုံခြုံရေးကိုအာမခံရန်၊ သို့မဟုတ် တစ်စုံတစ်ယောက်ကို နိုင်ငံအတွင်း ခရီးသွားလာခွင့် သို့မဟုတ် ဝင်ရောက်ခွင့် ပေးအပ်ရန် အခွင့်အာဏာမရှိသဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါနေဆဲဖြစ်သည်။ အထူးသဖြင့် အန္တရာယ်ကြီးကြီးမားမားရှိသော သက်သေများအတွက် နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပိုအရေးပါသည်။ ယန္တရားသည် သက်သေများ လုံခြုံမှုရှိစေရန်နှင့် အရေးကြီးသောအထောက်အထားများကို ထိန်းသိမ်းရန်၊ သက်သေများ နေထိုင်ရာဒေသများရှိ ခြိမ်းခြောက်သူများကို အချိန်နှင့်တပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများ၏ အကူအညီအပေါ် မှီခိုအားထားသည်။

၅၅။ လိင်နှင့်ဂျင်ဒါအခြေပြုရာဇဝတ်မှုများ အပါအဝင် ရာဇဝတ်မှုအားလုံးမှ အသက် ရှင်ကျန်ရစ်သူများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ရေရှည်ခံစားရလေ့ ရှိသည်။ ယန္တရားသည် အဝေးမှသာမက လူချင်းတွေ့ဆုံရသည့် သက်သေများနှင့် ဆက်ဆံမှု အားလုံးကို အသက်ရှင်ကျန်ရစ်သူ ဗဟိုပြုလုပ်ဆောင်ခြင်း၊ ဂျင်ဒါရှုထောင့်အမြင်ထည့်သွင်းခြင်း နှင့် စိတ်ဒဏ်ရာကိုသိနားလည်သည့်ချဉ်းကပ်မှုများဖြင့် လုပ်ဆောင်သည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် လိင်နှင့်ဂျင်ဒါအခြေပြုအကြမ်းဖက်မှုမှ လွတ်မြောက်လာသူများ၊ ထိခိုက်လွယ်သည့်သက်သေအားလုံးအတွက် သင့်လျော်သော အကဲဖြတ်ခြင်းနှင့် ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်သည်။ ယန္တရားသည် သက်သေများ၏ ကျန်းမာရေး ကောင်းမွန်စေရန် အင်တာဗျူးများ လုပ်နေစဉ်အတွင်း စိတ်လူမှုရေးဆက်ဆံရေးဆိုင်ရာ ပံ့ပိုးပေးများ ဆောင်ရွက်ပြီး အခြားလိုအပ်သည့် ဝန်ဆောင်မှုများကိုလည်း ထပ်ဆင့်

လွှဲပြောင်းပေးခြင်းဖြင့် ပံ့ပိုးသည်။ အစီရင်ခံသည့်ကာလအတွင်း ယန္တရားက အင်တာဗျူးမေးမြန်းထားသော သက်သေများနှင့် နောက်ဆက်တွဲ ဆက်သွယ်ရန်၊ ၎င်းတို့၏ ကျန်းမာရေးနှင့် လုံခြုံရေးအခြေအနေများကို စောင့်ကြည့်ရန်၊ ယန္တရားနှင့် ၎င်းတို့၏ ထိတွေ့ဆက်ဆံမှု အပေါ် တုံ့ပြန်ချက်ရယူရန် စနစ်တစ်ခုကို စတင်ခဲ့သည်။ သက်သေများစွာသည် အလွန်ခက်ခဲသော အခြေအနေများတွင် ဆက်လက်နေထိုင်နေကြသော်လည်း ၎င်းတို့၏ တုံ့ပြန်ပြောဆိုမှုများမှာ အပြုသဘောဆောင်သည်။ ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ၎င်းတို့အား အဓိပ္ပာယ်ရှိစွာ ပါဝင်ကူညီရန် ယန္တရားက အခွင့်အရေး ပေးအပ်ခဲ့သည်ဟု သက်သေများက တညီတညွတ်တည်း ဖော်ပြခဲ့ကြသည်။

၅၆။ ယဉ်ကျေးမှုအရသိနားလည်မှုနှင့် အသက်ရှင်ကျန်ရစ်သူဗဟိုပြုသည့် အလေ့အကျင့်များ အားကောင်းစေရန် ရည်မှန်းချက်ဖြင့် ယန္တရား၏ ပံ့ပိုးကူညီမှုစွမ်းရည်ကို ဆက်လက် မြှင့်တင်ခဲ့သည်။ ယန္တရားတွင် မြန်မာစကားတစ်မျိုးမျိုး ပြောနိုင်သည့် စိတ်လူမှုဆက်ဆံရေးဆိုင်ရာ ကျန်းမာရေးကျွမ်းကျင်သူတစ်ဦးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် မြန်မာစကားပြောသည့် စိတ် ကျန်းမာရေးကျွမ်းကျင်သူတစ်ဦး ထပ်မံဖြည့်ဆည်းထားသည်။ နိုင်ငံရေးမတည်ငြိမ်မှုများ၊ လူမှုစီးပွားရေးအခက်အခဲများ၊ လုံခြုံရေးခြိမ်းခြောက်မှုများနှင့် လူမှုရင်းမြစ်ရှားပါးမှုများကြောင့် ယင်းဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုပေးသည့်အဖွဲ့များကို ရှာဖွေရန် ကြီးမားသော စိန်ခေါ်မှုများ ရှိနေသည်။ သို့သော်လည်း ယန္တရားသည် နေရာဒေသများစွာတွင် စိတ်လူမှုဆက်ဆံရေးဆိုင်ရာ ပံ့ပိုးကူညီများအတွက် လွှဲပြောင်းချိတ်ဆက်နိုင်မည့် ကွန်ရက်တစ်ခုကို တိုးချဲ့ခဲ့သည်။ သက်သေပံ့ပိုးမှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ပိုမိုကောင်းမွန်စေရန်အတွက် ယန္တရားသည် အသုံးများသည့်ပုံစံများကို ပုံမှန်အကဲဖြတ်ကာ ရရှိနိုင်သည့် ဝန်ဆောင်မှုများကို ချိန်ညှိပြုပြင်သည်။ အစီရင်ခံသည့်ကာလအတွင်း ယန္တရားသည် သက်သေခံ ၅၀ နီးပါးကို အနီးကပ် ထောက်ပံ့မှုပေးခဲ့သည်။ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ၎င်းတို့၏ ကျန်းမာရေးထိခိုက်မှု ဖြစ်နိုင်ခြေကို လျှော့ချရန်အတွက်၊ ၎င်းတို့၏ ထိခိုက်လွယ်သည့် အခြေအနေများကို အကဲဖြတ်ခြင်းနှင့် လိုအပ်ချက်များ သတ်မှတ်ခြင်းများ လုပ်ဆောင်သည်။ ယန္တရား၏ တာဝန်သတ်မှတ်ချက်များအတိုင်း၊ ဆေးဘက်ဆိုင်ရာနှင့် လူမှုရေးစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုရရှိရန် လူရှစ်ဦးကို ပြင်ပမှသက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် ထပ်ဆင့်ပြသမှု လုပ်ဆောင်ခဲ့သည်။

## E. ဝန်ထမ်းများ၊ အချက်အလက်ပေးသူများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုံခြုံရေး

၅၇။ ယန္တရားသည် ပိုမိုဆိုးရွားလာသော လုံခြုံရေးအခြေအနေများကို အနီးကပ်စောင့်ကြည့် နေသည်။ ယင်းအခြေအနေများသည် ယန္တရား၏ လုပ်ငန်းများကို တိုက်ရိုက် သက်ရောက်မှုရှိသောကြောင့် ထိုဒေသများရှိ ယန္တရား၏ ဝန်ထမ်းများ၊ အချက်အလက်ပေးသူများနှင့် လုပ်ငန်းဆိုင်ရာ လုံခြုံရေးများကို အမြင့်ဆုံးဦးစားပေး လုပ်ဆောင်သည်။ စုံစမ်းစစ်ဆေးရေးမစ်ရှင်များသွားခြင်း နှင့် ထိခိုက်လွယ်ပြီး အန္တရာယ်များသော အခြေအနေရှိသည့် သက်သေများနှင့် ဆက်သွယ်ပြောဆိုရာတွင် ယန္တရား၏ ဝန်ထမ်းများသည် ရှုပ်ထွေးသော လုံခြုံရေးအစီအမံများ လိုက်နာရန်လိုအပ်သည်။ ယန္တရား၏ ဂျီနီဗာရုံးနှင့်

မစ်ရှင်သွားရောက်မှုနှစ်ခုလုံးတွင် ယန္တရားသည် သီးခြားလုံခြုံရေးလိုအပ်ချက်များနှင့် အန္တရာယ် အကဲဖြတ်ချက်များကို အခြေခံ၍ လိုအပ်သောဘေးကင်းလုံခြုံရေးအစီအမံများကို သေချာစွာ လိုက်နာဆောင်ရွက်သည်။ ဤဆောင်ရွက်ချက်များကို ယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုကဏ္ဍ အားလုံးတွင် လုပ်ဆောင်ရန် ပေါင်းစပ်ထားသည်။ ယင်းဆောင်ရွက်မှုတွင် ခြိမ်းခြောက်သူများနှင့် ၎င်းတို့၏လှုပ်ရှားမှုများကို စောင့်ကြည့်ခြင်းနှင့် စိစစ်သုံးသပ်ခြင်းများ ပါဝင်သည်။ ထို့အပြင် နိုင်ငံအလိုက် သို့မဟုတ် ဒေသအလိုက် အလုံးစုံလွှမ်းခြုံသည့် အန္တရာယ်အကဲဖြတ်ချက် များကိုလည်း ထုတ်ပြန်သည်။ ယန္တရား၏ ခိုင်မာစွာ တည်ဆောက်ထားသော ဆက်သွယ်ရေး လမ်းကြောင်းများကို အသုံးပြု၍ နေရာဒေသအသီးသီးရှိ အခြားကုလသမဂ္ဂ အဖွဲ့အစည်းများ၏ လုံခြုံရေးဆိုင်ရာကြားခံဆက်သွယ်ပေးသူများနှင့် အနီးကပ်ညှိနှိုင်း ဆောင်ရွက်ပြီး လုံခြုံရေးဆိုင်ရာ ကြိုတင်စီစဉ်မှုများကို လုပ်ဆောင်သည်။ ၎င်းအစီအစဉ်သည် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများရှိသည့် ယန္တရား၏ အရပ်ဘက် လူမှုအဖွဲ့အစည်းဆွေးနွေးပွဲ ကဲ့သို့သော စုံစမ်းစစ်ဆေးရေးမစ်ရှင်များနှင့် အခြားလုပ်ငန်းများ၏ ဘေးကင်းလုံခြုံရေးကို အထောက်အကူ ဖြစ်စေသည်။

၅၈။ ထို့အပြင်၊ ယန္တရားသည် သတင်းရင်းမြစ်နှင့် သက်သေအဆက်အသွယ်များ၊ အပ်နှင်းထား သည့် အချက်အလက်ဒေတာများကို ကာကွယ်ရန်အတွက် အဆင့်အတန်း မြင့်မားသည့် ဆိုက်ဘာ လုံခြုံရေးအစီအမံ ထိန်းသိမ်းထားရှိမှုကို ကြိုးစားလုပ်ဆောင်သည်။ မြန်မာနိုင်ငံရှိ ဒစ်ဂျစ်တယ် ဆက်သွယ်ရေးဆိုင်ရာလုံခြုံရေးကို ချိနဲ့စေနိုင်သည့် ဆိုက်ဘာခြိမ်းခြောက်သူများ၏ နည်းပညာ တိုးတက်မှုများသည် ယန္တရား၏ အချက်အလက်ပေးသူများကိုကာကွယ်မှု၊ ရင်းမြစ်များထံ ဆက်သွယ်မှုနှင့် သတင်းရယူမှုစွမ်းရည်များကို ခြိမ်းခြောက်လျက်ရှိသည်။ ယန္တရားသည် ၎င်း၏လုပ်ငန်းရှိ ဆိုက်ဘာလုံခြုံရေးအစီအမံများနှင့် အလေ့အကျင့်များကို စဉ်ဆက်မပြတ် သုံးသပ်ပြီး မွမ်းမံပြင်ဆင်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အန္တရာယ် လျှော့ချရေးနှင့် အန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုအစီအမံများကို တူညီစွာ အာရုံစိုက်လုပ်ဆောင်သည်။ ယန္တရားသည် ဂျီနီဗာရုံးနှင့် မစ်ရှင်သွားရောက်မှု နှစ်မျိုးလုံးတွင် ပိုမိုကောင်းမွန်လုံခြုံသည့် ချိတ်ဆက်မှုနှင့် စနစ်များသုံးစွဲနိုင်မည့်စက်များနှင့် ဝန်ဆောင်မှုများ ရရှိရန်အတွက် ဆိုက်ဘာလုံခြုံရေးကို ဆက်လက်တိုးမြှင့်ထားသည်။ ယန္တရားသည် ပြင်ပမှ ဆိုက်ဘာလုံခြုံရေး ထိခိုက်မှုများမှ သက်ရောက်မှုများကိုလည်း ဘေးကင်းစွာ စီမံခန့်ခွဲနိုင်မည့် တုံ့ပြန်မှုအစီအစဉ်များ ချထားသည်။ ယန္တရား၏ အထူးကျွမ်းကျင်သူများသည် ဝန်ထမ်းများအတွက် သတင်း အချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာခြိမ်းခြောက်မှုဆိုင်ရာ သီးသန့်လေ့ကျင့်မှုနှင့် အသိပညာပေး အစီအစဉ်များ ကို ပုံမှန်ပြုလုပ်သည်။

## IV. အဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅၉။ လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံတို့က မြန်မာနိုင်ငံအား ယန္တရားနှင့် အဓိပ္ပါယ် ရှိရှိ ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်နှင့်အညီ ယန္တရားသည် မြန်မာ အာဏာပိုင်များထံမှ အချက်အလက်များရရှိရန် ဆက်လက်ဆက်သွယ်နေသည်။ ယနေ့အထိ ယန္တရားသည် မြန်မာအာဏာပိုင်များလက်ဝယ်ရှိ အချက်အလက်များနှင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်နိုင်ရေးအတွက် တောင်းဆိုမှုအများအပြား ပြုလုပ်ခဲ့ပြီးဖြစ်သည်။ မြန်မာစစ်တပ်သည် ယင်းတောင်းဆိုမှုများကို လျစ်လျူရှုထားဆဲဖြစ်သည်။ ကြီးလေးပြင်းထန်သည့် ရာဇဝတ်မှုနှင့်

ပတ်သက်သည့် အချက်အလက်များကို လူသိရှင်ကြားတောင်းဆိုပါက တုံ့ပြန်မှု ပြုလာနိုင်မည်ဟု မျှော်လင့်လျက် ယန္တရားသည် မကွေးတိုင်းဒေသကြီးတွင် လူငယ်နှစ်ဦးကိုဖမ်းဆီးပြီး အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို မျှဝေရန် တောင်းဆိုသည့် ထုတ်ပြန်ချက်တစ်စောင်ကို မကြာသေးမီက ထုတ်ပြန်ခဲ့သည်။

၆၀။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အဆိုးရွားဆုံး နိုင်ငံတကာ ရာဇဝတ်မှုများနှင့် စပ်လျဉ်းသည့် အချက်အလက်နှင့် အထောက်အထားများ စုဆောင်းရန်အတွက် နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ထိခိုက်နစ်နာသူများ အပါအဝင် အဖွဲ့အစည်းအများအပြား၏ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်။ နိုင်ငံအများအပြားသည် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်များရှိသဖြင့် ယန္တရားသည် လုပ်ငန်းအစီအစဉ်များကို တရားဝင်ညှိနှိုင်းမှုလုပ်ရန် လိုအပ်သည်။ ဥပမာအားဖြင့်၊ ယန္တရားသည် ၎င်းတို့၏နယ်မြေတွင် သက်သေအင်တာဗျူးများ ပြုလုပ်ရန် ညှိနှိုင်းမှု လိုအပ်သည်။ အချို့သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကော်ပိုရိတ်အဖွဲ့အစည်းများသည်လည်း ယန္တရားထံ အချက်အလက်များ မမျှဝေမီ တရားဝင် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ရှိထားရန်လိုအပ်သည်။ အကျိုးဆက်အနေဖြင့်၊ အဆိုပါ တရားဝင်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ ရရှိခြင်းသည် ယန္တရား၏ လုပ်ပိုင်ခွင့်ကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် အလွန်အရေးကြီးသည်။ ယနေ့အထိ နိုင်ငံများ၊ ပါဝင် သူများနှင့် တက်ကြွသည့် ထိတွေ့ဆက်ဆံမှုများကြောင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (၃၆) ခု ရရှိထားသည်။ ဤသို့ဖြင့် စာချုပ်များ၊ နားလည်မှုစာချွန်လွှာများ၊ စာရွက်စာတမ်း သို့မဟုတ် သဘောတူညီမှုများ ဖလှယ်နိုင်ခဲ့သည်။ အာရှ၊ ဥရောပ၊ အိုရှန်းနီးယားနှင့် မြောက်အမေရိကတိုက်များရှိ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (၁၄) ခုကိုလည်း သဘောတူခဲ့သည်။ ဤအစီအစဉ်များမှတဆင့် ယန္တရားသည် နိုင်ငံအသီးသီးရှိ သက်သေများနှင့် အင်တာဗျူးများစွာ၊ သန်းနှင့်ချီသော သက်သေခံပစ္စည်းများကို စုဆောင်းနိုင်စေခဲ့သည်။

၆၁။ အစီရင်ခံသည့်ကာလအတွင်း သက်ဆိုင်ရာ ပါဝင်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန် ကြိုးပမ်းသည့်အနေဖြင့် ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများနှင့် အဆင့်မြင့် အရာရှိဆွေးနွေးပွဲများနှင့် ညှိနှိုင်းမှုများကို ဂျီနီဗာ၊ နယူးယောက်နှင့် အခြားမြို့တော်များစွာတွင် ဆက်လက်လုပ်ဆောင်ခဲ့သည်။ ဤပူးပေါင်းဆောင်ရွက်မှုများကြောင့် ယန္တရား၏ လုပ်ငန်းများကို တိုးမြှင့်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေများတွင် အထောက်အထား စုဆောင်းခြင်းနှင့် အင်တာဗျူးမေးခြင်းများကို ဆောင်ရွက်ရန်အတွက် အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို မြှင့်တင်နိုင်ခဲ့သည်။ တပြိုင်တည်းတွင်၊ အာရှ-ပစိဖိတ်ဒေသ အတွင်းနှင့် အပြင်တွင် ယုံကြည်မှုတည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ယန္တရားသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ကြီးမားသောကွန်ရက်နှင့် အလွတ်သဘောနှင့် တရားဝင် တွေ့ဆုံဆွေးနွေးမှု နှစ်မျိုးလုံးကို တက်ကြွစွာ ဆောင်ရွက်လျက် ရှိသည်။

၆၂။ အစီရင်ခံသည့်ကာလအတွင်း၊ ယန္တရား၏လုပ်ပိုင်ခွင့် သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု၏ အခြားနယ်ပယ်များကို ပံ့ပိုးကူညီပေးနိုင်သောအချက်အလက်များရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ယန္တရားက အားထားသည်။ မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော ကုလသမဂ္ဂစနစ်၏ လုပ်ငန်းဆိုင်ရာစိန်ခေါ်မှုများကို

အပြည့်အဝ သိရှိနားလည်သောကြောင့်၊ ယန္တရားသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများကို အလွန်တန်ဖိုးထားသည်။ ယန္တရားနှင့် ဖြစ်နိုင်သမျှအပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်နှင့် အနာဂတ်တရားစွဲဆိုမှုများတွင် အသုံးပြုနိုင်သည့် အထောက်အထားများ မျှဝေရန်၊ လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၅၂/၃၁ ဖြင့် ကုလသမဂ္ဂအဖွဲ့အားလုံးကို တိုက်တွန်းထားသည်။

## V. စိန်ခေါ်မှုများနှင့် ထပ်လောင်းပံ့ပိုးရမည့် ကဏ္ဍများ

၆၃။ ဤအစီရင်ခံစာတလျှောက်တွင် အထူးအလေးပေးဖော်ပြထားသည့်အတိုင်း၊ ယန္တရားသည် မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများရှိ ထိခိုက်နစ်နာသူများနှင့် သက်သေများထံသို့ တိုက်ရိုက်ဝင်ရောက်ခွင့်မရှိခြင်းအပါအဝင် ရှုပ်ထွေးသောစိန်ခေါ်မှုများစွာကို ရင်ဆိုင်ရသည်။ ယင်းတို့တွင် ဝန်ထမ်းများ၊ သက်သေများနှင့် ကြားခံဆက်သွယ်ပေးသူများ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု၊ ဆက်သွယ်ရေးဆိုင်ရာ လုံခြုံရေး ခြိမ်းခြောက်မှုနှင့် အချက်အလက်များကို လုံခြုံစွာရယူရန် ကန့်သတ်မှုများ၊ ဘာသာစကားနှင့် ဘာသာပြန်စွမ်းရည်၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် အထူးပြုကျွမ်းကျင်မှုနယ်ပယ်များတွင် အားဖြည့်ရန် အရင်းအမြစ်လိုအပ်မှုများပါ ဝင်သည်။ အဆိုပါ စိန်ခေါ်မှုများသည် ဤအစီရင်ခံမှုကာလအတွင်း ကုလသမဂ္ဂ၏ ဘဏ္ဍာရေး အကျပ်အတည်းကြောင့်လည်း ပိုမိုခက်ခဲခဲ့သည်။

၆၄။ မြန်မာနိုင်ငံတွင် ပျံ့နှံ့နေသည့် အကြမ်းဖက်မှုများကို အဆုံးသတ်ရန်နှင့် ပြည်သူများအတွက် တရားမျှတမှုရရှိရေး ဆောင်ရွက်ရာတွင် အာရှ-ပစိဖိတ်ဒေသရှိ အဖွဲ့ဝင်နိုင်ငံများ၏ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည်။ ထို့ကြောင့် သက်သေနှင့် အထောက်အထား အများအပြားတည်ရှိရာ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ခြင်းသည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ယန္တရား၏ ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆက်လက်ရှိနေသည်။ ယန္တရားသည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများအတွက် အချို့သောနိုင်ငံများ၏ ခိုင်မာသည့် ဆက်လက်ပံ့ပိုးကူညီမှုသည် အလွန်တန်ဖိုးရှိသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ဆိုးရွားလှသောအကြမ်းဖက်မှုများကို အဆုံးသတ်ရန်နှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလမ်းကြောင်းဆီသို့ ဦးတည်ရန် ကူညီလိုသည့် နိုင်ငံများတိုးလာပြီး ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု မျှော်လင့်သည်။ မြန်မာနိုင်ငံတွင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများအတွက် ပြစ်ဒဏ်မှကင်းလွတ်နေခြင်းကို တိုက်ဖျက်ရန် နိုင်ငံတကာအသိုင်းအဝိုင်းက ကြိုးစားအားထုတ်နေကြောင်း ခိုင်မာညီညွတ်သည့် သတင်းစကားပေးနေသည်။

၆၅။ သက်သေများ၊ ဝန်ထမ်းများနှင့် အချက်အလက်ပေးသူများ၏ လုံခြုံရေးဆိုင်ရာ အန္တရာယ်များကို ဖြေရှင်းနိုင်ရန် ယန္တရားသည် ၎င်းတို့ တည်ရှိရာဒေသ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်လိုသည့်ဒေသရှိ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်။ မြန်မာနိုင်ငံနှင့် ဒုက္ခသည်များကို လက်ခံသည့်နေရာအချို့တွင် လုံခြုံရေးယိုယွင်းလာသည်နှင့်အမျှ သက်သေဖြစ်လာနိုင်သူများ၏ လုံခြုံရေးအခြေအနေသည် ပိုမိုရှုပ်ထွေးလာသည်။ ယန္တရား၏ သက်သေများနှင့် ရင်းမြစ်အများစုသည် မြန်မာနိုင်ငံအတွင်းနှင့်ပြင်ပတွင် ကြီးမားသောအန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ အများစုသည် မြန်မာနိုင်ငံမှ ထွက်ပြေးလာခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံများတွင် တရားမဝင် နေထိုင်နေကြသည်။ သို့ဖြင့် ၎င်းတို့သည် ဖမ်းဆီးခံရခြင်းနှင့် မြန်မာနိုင်ငံသို့

ပြန်ပို့ခံရမည့် အန္တရာယ်အပါအဝင် ထိခိုက်လွယ်သည့်အခြေအနေများတွင်ရှိနေပြီး အကယ်၍ မြန်မာနိုင်ငံသို့ ပြန်ပို့ခံရပါက နှိပ်စက်ညှင်းပန်းမှု၊ ချုပ်နှောင်မှုနှင့် ကွပ်မျက်မှုများ ရင်ဆိုင်ရနိုင်သည်။ ယန္တရား၏ သက်သေများတည်ရှိရာ ဒေသများရှိ လုံခြုံရေးအခြေအနေသည် ခြိမ်းခြောက်သူများနှင့် ၎င်းတို့၏စွမ်းဆောင်ရည်များကို အကဲဖြတ်ရန် အဆက်မပြတ် စောင့်ကြည့်ရန် လိုအပ်သည်။ ယန္တရား၏ စုံစမ်းစစ်ဆေးမှုများ အရှိန်မြင့်လာသည်နှင့်အမျှ သက်သေများ၏ ဘေးကင်းလုံခြုံရေးကို ထိခိုက်နိုင်သော အန္တရာယ်များနှင့် ခြိမ်းခြောက်မှုများကို စောင့်ကြည့်ရန်အတွက် စွမ်းရည်တိုးမြှင့်ရန် လိုအပ်လာသည်။ ယန္တရားသည် အရပ်ဘက်လူမှုအဖွဲ့အစည်း တစ်ခုချင်းစီအတွက် သီးခြားအန္တရာယ်နှင့် ခြိမ်းခြောက်မှု အကဲဖြတ်ချက်များ လုပ်ဆောင်ပြီး၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ဆွေးနွေးပွဲများမှတဆင့် ထိတွေ့ဆက်ဆံမှုကို တိုးချဲ့လျက်ရှိသည်။ ဤသို့လုပ်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ ပံ့ပိုးကူညီမှုအပါအဝင် အန္တရာယ်လျော့ပါးသက်သာရေးအစီအမံများ သတ်မှတ်ပြီး အကောင်အထည်ဖော်သည်။

၆၆။ မြန်မာနိုင်ငံဆိုင်ရာ တရားမျှတမှုနှင့် တာဝန်ခံယူမှုရရှိရေးများတွင် လုပ်ဆောင်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား တိုက်ခိုက်မှုများဆက်လက် ဖြစ်နေခြင်းကြောင့်၊ ယန္တရား၏ လုပ်ငန်းများ အရှိန်မြင့်လာသည်မှုနှင့်အတူ ဝန်ထမ်းများ ရင်ဆိုင်ရသည့် အန္တရာယ်များ တိုးလာသည်။ မြန်မာနိုင်ငံရှိ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်သူများအား ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုများဖြစ်လာရန် ယန္တရား၏လုပ်ငန်းက အထောက်အကူပြုစေသည်ကို ပိုမိုသတိပြုမိလာခြင်းသည်လည်း၊ အဆိုပါအန္တရာယ်များကို ထပ်လောင်းတိုးမြင့်စေသည်။

၆၇။ မြန်မာနိုင်ငံတွင်း ဆက်သွယ်ရေး ပိုမိုခက်ခဲလာသည်နှင့်အမျှ ဒစ်ဂျစ်တယ်စောင့်ကြည့်ရေး လုပ်ဆောင်မှုအပါအဝင် ယန္တရား၏ သတင်းနှင့်ဆက်သွယ်ရေးစနစ်များတွင် ခြိမ်းခြောက်မှု အလားအလာများလည်း တိုးလာသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင်းရှိ ယန္တရား၏ အချက်အလက်ရင်းမြစ် အများအပြားသည် ၎င်းတို့စောင့်ကြည့်ခံနေရခြင်း သို့မဟုတ် ၎င်းတို့၏ ဆက်သွယ်မှုများအား ကြားဖြတ်နားထောင်ခံရခြင်းများကို စိုးရိမ်မှုများရှိသည်မှာ မှန်ကန်သည်။ ယန္တရားသည် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ၏ လုံခြုံရေးနှင့် ပတ်သက်၍ သတိကြီးစွာ အမြဲရှိနေသည်။ ယန္တရားသည် ပြောင်းလဲလာသော နည်းပညာများနှင့် စဉ်ဆက်မပြတ် လိုက်လျောညီထွေဖြစ်စေရန် လုပ်ဆောင်နေပြီး ဆိုက်ဘာတိုက်ခိုက်မှုများကို ကာကွယ်ရန်အတွက် အရေးပေါ် တုံ့ပြန်မှုစနစ်ကို အားကောင်းစေရန် တည်ဆောက်နေသည်။

၆၈။ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေးဆိုင်ရာနှင့် လုပ်ငန်းမဆိုင်ရာ ပံ့ပိုးကူညီမှုသည် အရေးကြီးသလို ယန္တရားသည် အထက်ဖော်ပြပါ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ၎င်း၏ လုပ်ပိုင်ခွင့်များကို တတ်နိုင်သမျှ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လုံလောက်သော အရင်းအမြစ်များ လိုအပ်သည်။ အရင်းအမြစ်မလုံလောက်မှုသည် ယန္တရား၏ အရေးကြီးသောကဏ္ဍများရှိ လုပ်ဆောင်မှုများကို သက်ရောက်စေသည်။ ဥပမာအားဖြင့်၊ ယန္တရားသည် မြန်မာဘာသာဖြင့် စုဆောင်းထားသော များပြားသည့်အချက်အလက်များကို ထိရောက်သော ဘာသာပြန်ဆိုမှုနှင့် စကားပြန်ဆိုမှုအရင်းအမြစ်များ လိုအပ်နေသည်။ ထို့ကြောင့် လာမည့်အစီရင်ခံကာလတွင် ယန္တရား၏ ဘာသာစကားစွမ်းရည်ကို ပိုမိုတိုးမြှင့်ရန် လိုအပ်သည်။ စကားပြန်နှင့် ဘာသာပြန်များ ခန့်ထားခြင်း၊ ထပ်လောင်းသင်တန်းပေးခြင်းဖြင့် တစိတ်တပိုင်း ဖြေရှင်းနိုင်သည်။ စက်ဖြင့် ဘာသာပြန်သည့် နည်းပညာကိုဆက်လက် ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့်လည်း တစိတ်တပိုင်း

ဖြေရှင်းနိုင်မည်။ အထူးသဖြင့် ဒစ်ဂျစ်တယ်စာသားများကို ဘာသာပြန်ဆိုနိုင်သည့် ဉာဏ်ရည်တု နည်းပညာသည် အခြားဘာသာစကားများကို ပြန်ဆိုနိုင်သော်လည်း မြန်မာဘာသာမှ အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုရာတွင် မတိုးတက်သေးပေ။ ဤကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာသော ဘဏ္ဍာရေးအရင်းအမြစ်များ လိုအပ်မည် ဖြစ်သည်။ ထို့အပြင် ဤစွမ်းရည်ကို ပိုမိုတိုးတက်စေရန် မြန်မာဘာသာစကား အက္ခရာအစုံအပါအဝင် ဖောင့်များနှင့် ပတ်သက်သော ရှုပ်ထွေးမှုများကို ဖြေရှင်းရန် အထူးကျွမ်းကျင်သော ဘာသာစကားပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။

၆၉။ ကုလသမဂ္ဂ၏ ဘဏ္ဍာရေးအကျပ်အတည်းသည် ယန္တရားကိုလည်း သက်ရောက်မှုရှိသည်။ အမြဲတမ်းဝန်ထမ်းနှင့် လိုအပ်သော အတိုင်ပင်ခံဝန်ထမ်းများ ခန့်အပ်ခြင်း၊ စုံစမ်းစစ်ဆေးရေး မစ်ရှင်သွားခြင်း၊ သင်တန်းပေးခြင်း၊ သတင်းနည်းပညာဆိုင်ရာ ကိရိယာနှင့် ဆော့ဖ်ဝဲလ်များ ဝယ်ယူခြင်း စသည့် ဝန်ထမ်းနှင့် ဝန်ထမ်းမဟုတ်သည့် အရင်းအမြစ် နှစ်ခုစလုံးတွင် ကြီးမားသည့် ကန့်သတ်ချက်များ ဖြစ်စေသည်။ သက်သေကာကွယ်မှုကဲ့သို့သော အရေးကြီးသောကဏ္ဍများ အပါအဝင် ယန္တရားသည် ပုံမှန်ဘတ်ဂျက်ဖြင့်ခန့်ထားသည့် ရာထူးနေရာ အများအပြားကို လစ်လပ်ထားရသည်။ ကုန်ကျစရိတ်များ သက်သာစေရန်အတွက် အချို့သော စုံစမ်းစစ်ဆေးရေး ခရီးစဉ်များကိုလည်း လျှော့ချထားသည်။ အင်တာဗျူးများတွင် ပြင်ပသြဇာလွှမ်းမိုးမှု ဖြစ်နိုင်ချေ ရှိသည်ဆိုသော စွပ်စွဲမှုများမဖြစ်စေရန် ယန္တရားသည် သက်သေများကို လူတွေ့အင်တာဗျူးလုပ်ပြီး သက်သေထွက်ဆိုချက်၏ ခိုင်မာမှုကို မြင့်မားသောစံနှုန်းများဖြင့် ထိန်းသိမ်းထားသည်။ ထို့ကြောင့် ခရီးသွားလာမှု ဖြတ်တောက်ခြင်းသည် အချို့သောသက်သေများထံမှ အရေးကြီးသော အထောက်အထားများ စုဆောင်းခြင်းကို များစွာသက်ရောက်မှုရှိသည်။

၇၀။ ဤအရင်းအမြစ်ဆိုင်ရာ စိန်ခေါ်မှုများကြောင့် ယန္တရားသည် သီးခြားပရောဂျက်များနှင့် အထူးပြုကျွမ်းကျင်မှုများအတွက် အဖွဲ့ဝင်နိုင်ငံများထံမှ စေတနာအလျောက်ပါဝင်ကူညီမှုများကို ဆက်လက်ရှာဖွေနေသည်။ ယန္တရား၏ လုပ်ငန်းများသည် ရှုပ်ထွေးလာသောကြောင့် ယန္တရား ကို တည်ထောင်သည့် အစောပိုင်းကာလက မမျှော်မှန်းထားခဲ့သော အထူးပြုကျွမ်းကျင်ဝန်ထမ်းများ နှင့် နည်းပညာများ လိုအပ်လာသည်။ ထို့အပြင် ပွင့်လင်းရင်းမြစ်ဆိုင်ရာ သုတေသနနှင့် စိစစ်သုံးသပ်မှု၊ ဘဏ္ဍာရေးဆိုင်ရာစုံစမ်းစစ်ဆေးမှုများနှင့် နည်းပညာဆန်းသစ်တီထွင်မှုများလည်း လိုအပ်သည်။ ယန္တရားသည် အနာဂတ်တွင် လုပ်ငန်းများကို တည်တံ့စေရန်အတွက် ဘတ်ဂျက်ငွေ အပိုရရှိရေး ဆက်လက် ကြိုးစားမည်ဖြစ်ပြီး မတူကွဲပြားသော အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်များထံမှ ပံ့ပိုးမှုကိုလည်း ကြိုဆိုပါသည်။

## VI. နိဂုံး

**၇၁။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များ၊ တစ်ဦးချင်း သတင်းအချက်အလက်ပေးသူများနှင့် သတင်းမျှဝေသည့်လူထု၊ လုပ်ဖော်ကိုင်ဖက်များစွာတို့မှ စုံစမ်းစစ်ဆေးရေး ကြိုးပမ်းမှုများတွင် ပံ့ပိုးကူညီမှုများကို ကျေးဇူးတင် အသိအမှတ်ပြုပါသည်။ ယန္တရား၏လုပ်ပိုင်ခွင့်ကို ထိထိရောက်ရောက် ထမ်းဆောင်နိုင်ရန် ၎င်းတို့၏ ပံ့ပိုးကူညီမှုသည် အလွန်အရေးကြီးပါသည်။ ယန္တရားသည်**

သက်သေများနှင့် အသက်ရှင်ကျန်ရစ်သူအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အထူးပင်ကျေးဇူးတင်ရှိသည်။ ယင်းတို့သည် ပြစ်ဒဏ် ကင်းလွတ်ခွင့်ရနေခြင်းကို တိုက်ဖျက်ရာတွင် မြန်မာနိုင်ငံရှိ ပြည်သူများ၏ သတ္တိနှင့် ဇွဲလုံ့လကို ထင်ဟပ်နေပါသည်။

၇၂။ မြန်မာနိုင်ငံတွင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ တိုးများလာနေခြင်းနှင့်အတူ ကျူးလွန်သူများ၏ ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများလည်း တိုးလာသည်။ ယန္တရား၏ စိစစ်သုံးသပ်သူများ၊ စုံစမ်းစစ်ဆေးသူများနှင့် ရှေ့နေများအဖွဲ့သည် သက်ဆိုင်ရာ အထောက်အထားများကို ရှာဖွေခြင်း၊ စုဆောင်းခြင်းနှင့် စိစစ်သုံးသပ်ခြင်းများကို အားစိုက်ပြီး ပါးနပ်စွာလုပ်ဆောင်နေသည်။ ယန္တရားသည် သေချာစမ်းသပ်ထားသော စုံစမ်းစစ်ဆေးရေး နည်းပညာများကို အသစ်တိုးတက်ပြောင်းလဲနေသော နည်းပညာများဖြင့် ဆက်လက် ပေါင်းစပ်သွားမည်ဖြစ်သည်။ ဤနည်းပညာဖြင့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ယင်းရာဇဝတ်မှုများအတွက် တာဝန်ရှိသူ လူပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍကို သက်သေပြနိုင်မည့် အထောက်အထားများ တစ်ခုချင်းစီ စုစည်းသွားမည်ဖြစ်သည်။

၇၃။ ရှေ့ဆက်ပြီး ယန္တရားသည် လိင်နှင့်ဂျင်ဒါအခြေပြုရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် ထိခိုက်နစ်နာသူများအား သက်ရောက်မှု အပြင်းထန် ဆုံးဖြစ်သည့် ကြီးလေးသော ရာဇဝတ်မှုများကို ဦးစားပေးစုံစမ်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာ သက်သေများ တည်ရှိရာနေရာသစ်များ အပါအဝင် စုံစမ်းစစ်ဆေးရေးမစ်ရှင်များ သွားရောက်ရန် အရေးကြီးသည့်နေရာများရှိ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူခြင်း၊ ရာဇဝတ်မှုများနှင့် ကျူးလွန်သူများကို တိကျစွာချိတ်ဆက်ပေးနိုင်သည့် နည်းစနစ်ကို အသုံးပြုကာ သက်သေခံပစ္စည်းများစွာကို စိစစ်သုံးသပ်နိုင်မည့် တီထွင်ဆန်းသစ်သော နည်းစနစ်များ ရှာဖွေခြင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာ တရားစီရင်ရေး အာဏာပိုင်များအတွက် တန်ဖိုးမြင့် အထောက်အထားနှင့် စိစစ်သုံးသပ်ချက်များကို ပြင်ဆင်မျှဝေခြင်းများကို ဆက်လက် လုပ်ဆောင်မည်။ စိစစ်သုံးသပ်မှုနှင့် ဘာသာပြန်စွမ်းရည်များ၊ စာသားနှင့်ပုံရိပ်အမြင် စိစစ်သုံးသပ်ချက်များ တိုးတက်ကောင်းမွန်လာစေရန်မှာ ယန္တရား၏ သတင်းနှင့် နည်းပညာစနစ်များ ဆက်လက်တိုးတက်မှုအပေါ်တွင် မူတည်နေသည်။ ယန္တရား၏ ဆက်သွယ်မှုများနှင့် မစ်ရှင်များ လုပ်ဆောင်ရာတွင် ဝန်ထမ်းများ၊ ကြားခံ ဆက်သွယ်ပေးသူများနှင့် အချက်အလက်များကို ပိုမိုလုံခြုံစေရန်ဆန်းသစ်သော ဖြေရှင်းချက်များကို ရှာဖွေရေးသည်လည်း ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆက်လက် တည်ရှိနေမည် ဖြစ်သည်။

၇၄။ ယန္တရားသည် မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှု များအတွက် တာဝန်ခံမှုကို လိုလားပြီး တရားစွဲနိုင်သည့် နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံးများနှင့် ခုံရုံးများရှိ သက်ဆိုင်ရာ အာဏာပိုင်များကို ပံ့ပိုးရန် အဆင်သင့် ရှိနေသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ဆက်လက်ထောက်ခံမှုနှင့်အတူ ယန္တရားသည် မြန်မာ ပြည်သူများနှင့် တသားတည်း ရပ်တည်နေသည်။ ယန္တရားက စုဆောင်းထားသည့် အထောက်အထားများကို တနေ့တွင် တရားရုံးရှေ့မှောက်တွင် တင်ပြမည်ဖြစ်ပြီး တာဝန်ရှိသူများကို တရားစီရင်မှုဖြစ်လာမည်ဟု မျှော်လင့်သည်။